## မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၆၁)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ သောကြာနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော်တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညပိုင်းတွင် မော်စကိုမြို့၊ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့်တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ သမ္မတအုပ်ချုပ်မှုရုံး ဒုတိယအကြီးအကဲ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ **စာမျက်နှာ ၁၅ ကော်လံ ၁** ✮



### ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်
အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်
ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ
H.E. Vladimir Vladimirovich Putin တို့
ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်)

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမြင့်မားရေး

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များတွင် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေးဟူသော ဦးတည်ချက်များဖော်ပြထားသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလိုအပ်သည်မှာ ခေါင်းဆောင်ကောင်းရှိနေရေးဖြစ်သည်။ ထို့အတူ အဆိုပါခေါင်းဆောင်၏ ဦးဆောင်မှုအောက်တွင် ညီညွတ်စွာလိုက်ပါလုပ်ဆောင်ပေးမည့် အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ပြည်သူများရှိနေရန်လည်းလိုအပ်ပေသည်။ နိုင်ငံတော်ကို ဦးဆောင်သူသည် နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်သစ္စာရှိသူဖြစ်ရပေမည်။ အထူးအားဖြင့် နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံ့ခေါင်းဆောင်အနေဖြင့် မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စသည့်ကိစ္စရပ်များတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရပေမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပမည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week Forum 2025) သို့တက်ရောက်ရန် စက်တင်ဘာလ ၂၄ ရက်တွင် နေပြည်တော်တပ်မတော်လေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၌ ခေတ္တရပ်နားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ အထူးလေယာဉ်ဖြင့်ဆက်လက်ထွက်ခွာခဲ့ကြသည်။ ညပိုင်းတွင် မော်စကိုမြို့ရှိ ဘန်နူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြသည်။

ခရီးစဉ်အတွင်း ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week Forum 2025)သို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင် အပါအဝင် ရုရှားနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်မည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့်ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာ-ရုရှားနှစ်နိုင်ငံဆက်ဆံရေးမှာ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သကဲ့သို့ တစ်ဦးအကျိုးကိုတစ်ဦးကလိုလားသည့်စိတ်ဖြင့်ဆက်ဆံကြသည့်အတွက် ဆက်ဆံရေးအထူးကောင်းမွန်သည်။ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များမှာလည်း ကျယ်ပြန့်လှသည်။ ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ စီးပွားရေး၊ ဥပဒေဘက်ဆိုင်ရာ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် နယ်ပယ်စုံကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကျယ်ပြန့်လာသည်နှင့်အမျှ နှစ်နိုင်ငံဆက်ဆံရေးမှာလည်း ပိုမိုခိုင်မာလျက်ရှိပြီဖြစ်သည်။

ရုရှားနှင့်မြန်မာနှစ်နိုင်ငံသည် ယုံကြည်စိတ်ချရသည့် ရင်းနှီးသော မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်။ ရုရှားနိုင်ငံသည် ကမ္ဘာ့မြောက်ခြမ်းတွင် အရှေ့နှင့်အနောက်ကို ရှည်လျားစွာတည်ရှိပြီး အရှေ့တွင် အာရှဒေသမှ အနောက်ဥရောပဒေသအထိ ကျယ်ပြန့်စွာတည်ရှိနေသည့် မဟာအင်အားကြီးနိုင်ငံတစ်ခုဖြစ်သည်။ ပထဝီအနေအထားအရ အရေးပါသည့်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ နိုင်ငံတကာကစိတ်ဝင်စားမှုရှိသည့်နိုင်ငံလည်းဖြစ်သည်။ ယနေ့အချိန်အခါတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ကြွယ်ဝချမ်းသာမှုနှင့်နည်းပညာများကို မည်သို့ပင် တိုက်ခိုက်မှုရှိနေပါစေ အောင်မြင်မည်မဟုတ်ပေ။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူများ၏ စည်းလုံးညီညွတ်မှုမှာ လွန်စွာအရေးကြီးလှသည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း မိမိနိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့အတူ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဆွေရင်းချာနိုင်ငံများနှင့်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကိုလည်းမြှင့်တင်ရမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ ပြည်ပခရီးစဉ်များသွားရောက်ခြင်းမှာ နိုင်ငံတော်နှင့်ပြည်သူများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမြင့်မားရေးအတွက် များစွာကောင်းကျိုးရှိမည့်ခရီးစဉ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ၉၃ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

### ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မုံရွာမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

မုံရွာ စက်တင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လယ်တီရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(လယ်တီ)၌ စက်တင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေသူထက်က ပတ်ဝန်းကျင်သာယာလှပစေဖို့ ပလတ်စတစ်အမှိုက်ကင်းစင်ရေးဆောင်ရွက်စို့ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မေးခွန်းများမေးမြန်းကာ ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များပေးအပ်သည်။

အဆိုပါဟောပြောပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေသူထက်နှင့်ဝန်ထမ်းများက တက်ရောက်လာကြသော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၅၀ ဦးခန့်အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်းသိရသည်။

(၄၀၉)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၆-၉-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်နိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၁၇ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
( ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် )
**နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခွင့်ပြုခြင်းများကို စိစစ်ဆောင်ရွက်ပေးခဲ့ပြီး ၁၈-၈-၂၀၂၅ ရက်စွဲပါ ကြေညာချက်အမှတ် (၅၅/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရန်အလို့ငှာ မိမိတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြချက်များအား ၂၈-၁၀-၂၀၂၅ ရက်နေ့မှ ၂၆-၁၂-၂၀၂၅ ရက်နေ့အထိ ခွင့်ပြုပေးရန် စီစဉ်ထားရှိပါသည်။

၃။ နိုင်ငံရေးပါတီများက နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြလိုလျှင် သက်ဆိုင်ရာပါတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည် ၁၅ - ၁၀ - ၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဟောပြောတင်ပြလိုသည့် စာမူနှင့်အတူ သက်ဆိုင်ရာပါတီမှဟောပြောစည်းရုံးမည့် ပုဂ္ဂိုလ်အမည်၊ တာဝန်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ဖော်ပြ၍ ခွင့်ပြုမိန့်လျှောက်ထားရပါမည်။ ခွင့်ပြုမိန့်လျှောက်ထားသည့် စာမူသည် **Pyidaungsu Font Size 13** ဖြင့် **(A4)** အရွယ်အစား**စက္ကူ (၇)** မျက်နှာထက် မပိုစေရ။ ပါတီ၏တေးသီချင်းများ (ရုပ်/သံပါ)ထည့်သွင်းလိုပါက သီချင်းခွေ ၂ ခွေနှင့်အတူ သီချင်းစာသားကိုပါပေးပို့ရပါမည်။ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ မဲဆွယ်စည်းရုံးဟောပြောခြင်းမပြုလိုပါက မပြုလိုကြောင်း အကြောင်းကြားစာပေးပို့ရပါမည်။

၄။ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခွင့်ပြုရန် လျှောက်ထားကြသည့် နိုင်ငံရေးပါတီများအား အဆင်ပြေစွာ အလှည့်ကျဟောပြောတင်ပြနိုင်စေရန်အတွက် နိုင်ငံရေးပါတီတစ်ခုချင်းအလိုက် ဟောပြောတင်ပြခွင့်ရရှိသည့် နေ့ရက်နှင့်အချိန်ဇယားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ပေးပါမည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဟောပြောတင်ပြလိုသည့်စာမူကို စိစစ်ပြီး -

(က) ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ရေးသားစေပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်းပြုပါမည်။

( ခ ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သောနေ့ရက်၊ အချိန်ဇယားနှင့်အညီ ခွင့်ပြုသည့်နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ဟောပြောရန်ခွင့်ပြုသည့် ပုဂ္ဂိုလ်၏အမည်ကို ခွင့်ပြုမိန့်တွင် ဖော်ပြပေးပါမည်။

( ဂ ) ပြန်လည်ပြင်ဆင်ရေးသားရန်အတွက် ရိုက်ကူးမည့်နေ့မတိုင်မီ လျှောက်ထားသူထံ အကျိုးအကြောင်းဖော်ပြလျက် အကြောင်းပြန်ကြားပေးပါမည်။

၆။ နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောရာတွင် နိုင်ငံရေးပါတီတစ်ခုအား -

(က) ဟောပြောချိန် ၁၅ မိနစ်အထိ ခွင့်ပြုပေးပါမည်။

( ခ ) ပါတီ၏တေးသီချင်းများကို ထုတ်လွှင့်လိုပါက ဟောပြောရန်ခွင့်ပြုသည့် သတ်မှတ်ချိန် ၁၅ မိနစ်အတွင်းသာ ထုတ်လွှင့်ခွင့်ပြုပါမည်။

( ဂ ) ဟောပြောစည်းရုံးမှုအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ တိုင်းရင်းသားဘာသာဖြင့်ဖြစ်စေ စည်းရုံးဟောပြောခွင့်ပြုပါမည်။ တိုင်းရင်းသားဘာသာဖြင့် ဟောပြောစည်းရုံးမည်ဆိုပါက မြန်မာဘာသာဖြင့်လည်း ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

၇။ နိုင်ငံရေးပါတီများသည် နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှဟောပြောတင်ပြရာတွင် အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရပါ -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့်ဟောပြောမှုပြုလုပ်ခြင်း၊

( ခ ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောမှုပြုလုပ်ခြင်း၊

( ဂ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိသော ဟောပြောမှုပြုလုပ်ခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောမှုပြုလုပ်ခြင်း၊

( င ) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောမှုပြုလုပ်ခြင်း၊

( စ ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့်ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမှုပြုသော ဟောပြောမှုပြုလုပ်ခြင်း၊

( ဇ ) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောမှု ပြုလုပ်ခြင်း၊

( ဈ ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောမှုပြုလုပ်ခြင်း။

၈။ နိုင်ငံရေးပါတီများသည် မိမိတို့၏မူဝါဒသဘောတရားနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် မည်သို့ဆောင်ရွက်ဖော်ဆောင်မည်ကို ဥပဒေများနှင့်အညီ မဲဆွယ်စည်းရုံးဟောပြောကြရမည်ဖြစ်ပါသည်။

၉။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်းလိုက်ကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများသည် မဲဆွယ်စည်းရုံးရန်ကိစ္စအလို့ငှာ မိမိတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြမှုများပြုလုပ်ကြရာတွင် ဤကြေညာချက်နှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် CPU အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှု၏ ဆိုးရွားသောအကျိုးဆက်များကြောင့် ကမ္ဘာနှင့်အဝှမ်းတိုက်ဖျက်ကြရန် ကုလသမဂ္ဂကွန်ဗင်းရှင်းတစ်ရပ်ကို ၂၀၀၃ ခုနှစ်တွင် ချမှတ်ထားသကဲ့သို့ မိမိတို့နိုင်ငံတော်အနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းကာ ပိုမိုထိရောက်စွာတားဆီးနှိမ်နင်းခြင်း၊ ပညာပေးခြင်းများဆောင်ရွက်နေသည်ကို တွေ့ရှိကြရကြောင်း၊ ယနေ့ကျင်းပသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှုများသည် အဂတိတိုက်ဖျက်ရေးဆိုင်ရာ အသိအမြင်များကို ရရှိခြင်း၊ အဂတိကင်းသောလူ့အဖွဲ့ အစည်းဖြစ်ပေါ်စေရေးအတွက် လူ့အခွင့်အရေးအခြေခံဖြင့် ပေါင်းစပ်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှတာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ခဏခဏသီဆိုနေရသော အဆိုတော်သည် အသံနာတတ်သော်လည်း တစ်လမှ တစ်ပုဒ်လောက်သီဆိုရသည့်အဆိုတော်မှုကား အသံကုန်ညွစ်သော်လည်း မတုန်မယင် ကြည်ကြည်လင်လင် ထွက်လာနိုင်သကဲ့သို့ပင်။ ဤစဉ်းစားပုံစဉ်းစားနည်း၏ မှန်ကန်ခြင်းကိုလည်း ကျွန်ုပ်မငြင်းလိုပါ။ သို့ရာတွင် ကျွန်ုပ်၏ စိုးရိမ်ချက်မှာ ထိုသတင်းစာကြီး၏ စောင်ရေများခြင်းသည် 'တာဝန်ရှောင်'ခြင်းကြောင့်ဖြစ်သည်ဆိုကာ ဤစနစ်ကို အတုခိုးကုန်ကြမည်ဆိုပါလျှင် (ယခုကား အတုမခိုးကြသေး။) မြန်မာပြည်သတင်းစာများသည် သတင်းစာတို့၏အစဉ်အလာကို ဖောက်ဖျက်ရာကျပါလိမ့်မည်။ အစဉ်အလာတစ်ခုကို ဖောက်ဖျက်ခြင်းကား ကိစ္စမရှိ။ ('မကောင်းအစဉ် ပြင်ခဏ'ဟု ဆိုကြသည်။) သတင်းစာများတွင် ခေါင်းကြီးရေးသည့် ပညာတစ်ခုတိမ်ကောသွားမည်ကို စိုးရိမ်မိသည်။

ယနေ့အထိမှာ မြန်မာပြည်၌ မြန်မာသတင်းစာများတွင် ခေါင်းကြီးရေးပညာသည် နိမ့်ကျလျက်ရှိသေးသည်ဟု ကျွန်ုပ်ရေးခဲ့ရာ ခေါင်းကြီးမပါသောသတင်းစာများ ခေတ်စားလာမည်ဆိုပါက ဤပညာမှာ လုံးဝကွယ်ပျောက်သွားမည်ကို စိုးရိမ်မိသည်။ ဝတ္ထုရေးကောင်းတိုင်းလည်း ခေါင်းကြီးရေးကောင်းသည်မဟုတ်။ မြန်မာပြည်၌ စာရေးကောင်းသူများ ပေါ်ထွန်းရန်မှာ သတင်းစာခေါင်းကြီးရေးရသော အလေ့အကျင့်ပေါ်တွင် တစ်စိတ်တစ်ဒေသတည်လျက်ရှိ၏။ ခေါင်းကြီးရေးရန်မလိုတော့၊ အသုံးမရှိတော့ဟု ဆိုလျှင် လေ့ကျင့်စရာ ကြာလေနည်း၍ တစ်ဖက်တစ်လမ်းမှ စာပေအရေးအသား ဆုတ်ယုတ်သွားဖွယ်ရာရှိပေသည်။ ထိုသတင်းစာကြီးသည် ယခုအခါပုဂ္ဂိုလ်၏အစွမ်းကြောင့် ဩဇာကောင်းသော အဆင့်အတန်းတွင် တည်ရှိပုံရသော်လည်း သတင်းစာကြီးများ၏ 'အာဘော်'မှ ရရှိသည့် ဩဇာသည် သာ၍တန်ဖိုးရှိသည်ကိုလည်း စဉ်းစားထိုက်ပါသည်။ လန်ဒန်တိုင်း သတင်းစာကြီးသည် ကမ္ဘာ့သတင်းစာလောက၌ 'အာဏာစက်' ပျံ့နှံ့လျက်ရှိခြင်းမှာ လူပေါင်းဆံ့သောကြောင့် မဟုတ်တန်ရာ၊ ၎င်း၏ခေါင်းကြီးများကြောင့် ဖြစ်ပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏အယူအဆမှာ ခေါင်းကြီးမပါဘဲလျက်နှင့် ဩဇာကောင်းသည်ဆိုသော သတင်းစာများသည် ပါးစပ်မပါဘဲ ခြေပြလက်ပြနှင့် ကိစ္စပြီးနိုင်သည်ဆိုခြင်းမျိုးကဲ့သို့ အင်္ဂါချို့ငဲ့ရာရောက်သည်ဟု ထင်မြင်မိပေသည်။ ကျွန်ုပ်၏စိတ်ကူးမှာ စာပေအရေးအသားနှင့် သတင်းစာလောက၏ အကျိုးအတွက်ရည်ရွယ်လျက် ပေါ်ထွက်လာခြင်းဖြစ်ပါသည်။



### ဆွဲဆောင်နည်းနှစ်မျိုး

စာကောင်းများကို ဖတ်ရှုရာ၌ ကျွန်ုပ်သတိပြုမိသော အချက်နှစ်ခုရှိ၏။ စာရေးသူသည် စာဖတ်သူ၏စိတ်ကို (ဝင်စားအောင်) ရှေးဦးစွာ ဖမ်းချုပ်၍ မိမိမြင်သလိုမြင်အောင် သို့မဟုတ် ယုံကြည်သလိုယုံကြည်အောင် ဆွဲဆောင်ရာတွင် (၁) သာယာညင်းပျောင်းနည်းဖြင့် ချော့၍ခေါ်နည်း၊ (ဤနည်းမှာ နှလုံးကိုချိန်သည်။) (၂) အကြောင်းအကျိုးအကိုးအကားအထောက်အထားပြပြီး မဖယ်မရှန်းနိုင်အောင် ဇွတ်တရွတ်ဆွဲ၍ခေါ်နည်း၊ (ဤနည်းမှာ ဦးနှောက်ကိုချိန်သည်) ဟူ၍ရှိကြသည်။ ပထမနည်း၏အရာရောက်ခြင်းကို ကျွန်ုပ်ရိပ်မိသော်လည်း ကျွန်ုပ်အဖို့ အခက်အခဲတစ်ခုမှာ ချော့နေရန် စိတ်မရှည်နိုင်။ သစ္စာတရားအားကိုးဖြင့် ဇွတ်တရွတ်သာ ဆွဲခေါ်လိုက်ချင်သည်။ ထို့ကြောင့် တချို့ပရိသတ်သည် ကျွန်ုပ်၏စာများ၌ ပါရှိသည့်အကြောင်းပြချက်များကို မငြင်းနိုင်သော်လည်း ရေးပုံမာလွန်းသည်ဆိုကာ ရှောရှောရှူရှူလိုက်ပါမလာဘဲ ဆန့်ငင်ဆန့်ငင်နှင့် ရုန်းကန်နေတတ်ကြ၏။ ပထမနည်းမှာ တခြားနေရာများတွင် လျော်ကန်မည်ဖြစ်သော်လည်း သတင်းစာခေါင်းကြီးများ၌မူ လူ၏စဉ်းစားဉာဏ်ကို တိုက်ရိုက်ချိန်၍ ရေးခြင်းသည် သာ၍ လျော်ကန်သည်ဟု ကျွန်ုပ်ထင်မိသည်။ တစ်ကြောင်းမှာလည်း အချော့ကောင်းသောလူသည် ချော့လုံးကိုသာ ရှာတတ်သည့်အကျင့်ပါလိမ့်မည်ဖြစ်ရာ သတင်းစာခေါင်းကြီးများမှာ စာဖတ်သူကို ချော့နေရန်မဟုတ်၊ အမြင်ကို ယုတ္တိကောင်းကောင်းနှင့် ရှင်းလင်းအောင် တင်ပြရန်မျှသာ ဖြစ်သည်ထင်၏။ ကျွန်ုပ်သည် ဤစာကို ဦးနှောက်အမြင်ဖြင့် ရေးခြင်းဖြစ်၍ ကိုယ့်ဘာသာကိုယ်ဟုတ်လှပြီထင်လျက်ရှိသော်လည်း ကျွန်ုပ်၏ နှလုံးပိုင်းကမူ 'သာယာညင်းပျောင်းလည်း ကောင်းပါတယ် ကိုယ့်လူ' ဟူသော အသံကလေးကလည်း တီးတိုးပေါ်လျက်ရှိပါသည်။ ကျွန်ုပ်သည် အဘယ့်ကြောင့် ကြမ်းကြမ်းဆတ်ဆတ် ကြိုက်တတ်သကဲ့သို့ ဖြစ်နေရသည်ကို ကျွန်ုပ်၏သဘာဝအကြောင်း စစ်တမ်းထုတ်သောအခါတွင် ရှင်းပြပါဦးမည်။

### မျိုးချစ်စိတ်မရှိသလော

ဝန်ကြီးချုပ် ဦးနုက လူငယ်တစ်ယောက်အား 'မင်းတို့အင်္ဂလိပ်စာတွေဖတ်လျှင် အင်္ဂလိပ်ကိုလေးစားကုန်ကြလိမ့်မယ်'ဟု ပြောဖူးသော စကားတစ်လုံးကို ကျွန်ုပ်က မခံမရပ်နိုင်သည့်နှယ် ချေပသံမျိုးနှင့် ရေးသားခဲ့ခြင်းကို ဖတ်ရှုရသော ပရိသတ်က ကျွန်ုပ်အား မျိုးချစ်စိတ်မှရှိပါလေ၏လောဟု တွေးတောစရာဖြစ်ခဲ့သည့်အတွက်ကြောင့် ဤနေရာ၌ ရှင်းလင်းတင်ပြလိုက်ရပေဦးမည်။ ကျွန်ုပ်သည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းလို ပုဂ္ဂိုလ်မျိုးကဲ့သို့ အလွန်အမင်းပြင်းထန်သော မျိုးချစ်စိတ်မျိုးမူကား ဘယ်အခါမှမရှိခဲ့ခြင်းကို မကွယ်မဝှက် သွက်လက်စွာ ဝန်ခံဖို့အသင့်ရှိပါသည်။ အင်္ဂလိပ်လူမျိုး၌ 'ဂျန်တဲလ်မန်း' ဆိုသူမျိုးရှိသည်ဆိုသောကြောင့် (ကိုယ်တိုင်မတွေ့ဖူးစေကာမူ) အင်္ဂလိပ်လူမျိုးကို ကျွန်ုပ်လေးစားသော်လည်း ကျွန်ုပ်တို့မြန်မာပြည်ကို တိုက်ယူသည့် လူစုကိုလည်းကောင်း၊ တိုက်ယူသောအပြုအမူကိုလည်းကောင်း ကျွန်ုပ်ရွံမုန်းတတ်ရန်နားလည်ပါသည်။ သူတို့အထဲမှ လူများက တိုက်ယူသော်လည်း တစ်မျိုးလုံးကိုမုန်း၍ မဖြစ်၊ ထိုအပြုအမူနှင့် ထိုလူစုကိုသာ ရွံမုန်းနိုင်ပါသည်။ ထိုနှစ်ခုအနက်တွင် လူစုထက် အပြုအမူကို ပို၍မုန်းပါသည်။ ကျွန်ုပ်ကား လူတစ်မျိုးဖြစ်ပါ၏။ ကမ္ဘာကို အင်္ဂလိပ်တို့နယ်ချဲ့ခဲ့စဉ်က ထိုအပြုအမူကို မထောက်ခံသည့် အင်္ဂလိပ်များလည်းရှိခဲ့ဖူးရာ ကျွန်ုပ်မှာလည်း ထိုလူစုနှင့် သဘောတူပါသည်။ ထိုလူစုအား (နည်းတော့နည်းသည်) မျိုးချစ်စိတ်မရှိဟု စွပ်စွဲကြမည်ဆိုလျှင် ကျွန်ုပ်အားလည်း အလားတူစွပ်စွဲမည်ဆိုပါက ခံနိုင်ရည်ရှိပါသည်။ ထိုလူနည်းစုသည်လည်းကောင်း၊ ကျွန်ုပ်သည်လည်းကောင်း၊ သူ့လူမျိုး၊ ကိုယ့်လူမျိုးထက် တရားခြင်း၊ မတရားခြင်းအပေါ်တွင် အခြေတည်ပြီး ဆုံးဖြတ်ချင်သူများဖြစ်ကြပါသည်။ ကျွန်ုပ်ကား ဤမျှလောက်မရင့်သေးပါဟု ပြောကြမည်ဆိုလျှင် ကျွန်ုပ်မငြင်းလိုပါ။ ထိုအဆင့်အတန်းသို့ ရောက်အောင် ကြိုးစားလျက်ရှိပါသည် ဟူ၍သာ ဖြေဆိုရပါမည်။

### မျိုးချစ်စိတ်ရှိပုံ

ပမာဆိုသော် မြန်မာအသင်းနှင့် ဆိုဗီယက်အသင်းသို့မဟုတ် တရုတ်အသင်းတို့ ဘောလုံးကစားကြမည်ဆိုလျှင် မည်သည့်အခါမဆို မြန်မာအသင်းက နိုင်စေချင်ပါသည်။ ဤမျှအထိမူ ကျွန်ုပ်၌ မျိုးချစ်စိတ်ရှိပါသည်။ သို့ရာတွင် မြန်မာအသင်းက ညစ်ကစား၍ နိုင်သည်ဆိုအံ့။ ဘယ်လိုနိုင်ရ၊ နိုင်ရ ဝမ်းသာသည်ဆိုသော လူစုထဲတွင် ကျွန်ုပ်အပါအဝင်မဟုတ်ပါ။ သို့ရာတွင် တစ်ဖက်က ညစ်ကစား၍ မြန်မာရှုံးရသည်ဆိုလျှင်မူကား မခံချင်သည့်လူစုထဲတွင် ကျွန်ုပ်ပါဝင်ပါလိမ့်မည်။ သို့ရာတွင် မြန်မာက ချလိုက်၍ တစ်ဖက်သား နာသွားသည်ဆိုလျှင်လည်း ကျွန်ုပ်ဝမ်းမသာချင်ပါ။ တစ်ဖက်အသင်းကြောင့် မြန်မာနာသွားသည်ဆိုလျှင်ကား မခံချင်စိတ်ရှိပါလိမ့်မည်။ ဤမျှဆိုလျှင် ကျွန်ုပ်၌ မျိုးချစ်စိတ်မရှိသည်မဟုတ်။ ရှိသင့်သလောက်ရှိကြောင်း၊ သို့ရာတွင် တရားခြင်း၊ မတရားခြင်းနှင့် တွဲလျက်ရှိခြင်းကို နားလည်နိုင်လောက်သည် ထင်ပါ၏။ ကျွန်ုပ်တို့၏တိုင်းပြည်ကို တခြားလူမျိုးက ကျူးကျော်တိုက်ခိုက်ခဲ့လျှင် သူတစ်ပါးနည်းတူ ခုခံတွန်းလှန်ဖို့အသင့်ရှိသော်လည်း သူတစ်ပါးတိုင်းပြည်ထဲသို့ဝင်တိုက်ပြီး ကိုယ့်လူမျိုးကြီးကျယ်အောင် လုပ်သည့်အထဲတွင် ကျွန်ုပ်ပါဝင်လိမ့်မည်မဟုတ်ပါ။ ဤနေရာ၌ ခြွင်းချက်ကလေးတစ်ခုထည့်လိုပါသေးသည်။ ရှေးခေတ်မျိုးကကဲ့သို့ ကိုယ်တိုင်ခေါင်းဆောင်ပြီး တိုင်းပြည်တစ်ပြည်ကို (လောဘမွန်ပြီး) တိုက်ခိုက်သိမ်းပိုက်သည့်အမှားမျိုးပြုမိလေမည်လော မပြောတတ်၊ အသက်စွန့်တိုက်ရပြီး အရိုးအရင်းကိုက်ရသည့် အလုပ်မျိုးတွင်မူကား ပါဝင်လိမ့်မည်မဟုတ်ချေ။ တချို့က ကျွန်ုပ်အား 'တွက်ကတ်သည်'ဟု ဆိုကြလျှင်လည်း ခံရန်အသင့်ရှိပါသည်။ ကျွန်ုပ်ကား ဘာမဆို 'တွက်'ပြီးမှ လုပ်ချင်တတ်သူတစ်ယောက်ဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

## မုဒုံမြို့နယ်၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁) သင်တန်းဆင်းပွဲကျင်းပ


မုဒုံ စက်တင်ဘာ ၂၅

မွန်ပြည်နယ် မုဒုံမြို့နယ် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ)သင်တန်းခန်းမ၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှု အဆင့်(၁) သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၂၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ကျော်လှိုင်က ယခုသင်တန်းသည် (၁၇)ကြိမ်မြောက် သင်တန်းဖြစ်ပြီး သင်တန်းသား ၅၄၁ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အစေးခြစ်လုပ်သားများကိုလည်း ဆင့်ပွားနည်းပညာများ ဖြန့်ဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အငြိမ်းစားပညာရှင်ဆရာကြီး ဦးဝင်းတင်က အစေးခြစ်ပညာနှင့် အစေးစုသိမ်းပုံများကို သင်ကြားပေးပြီး ပေါက်ခြစ်စနစ်ဖြင့် အစေးခြစ်ခြင်းကြောင့် အခေါက်ကျနှုန်းသက်သာ၍ သက်တမ်းပိုရှည်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သင်တန်းဆင်းအောင်လက်မှတ်နှင့် သင်တန်းတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**



**(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လေကြောင်းရဲတပ်ဖွဲ့ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။** ချမ်းမြေ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင်ကျင်းပပြုလုပ်သည့် သိပ္ပံပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် "လူငယ်နှင့်အနာဂတ်မြန်မာ-သိပ္ပံနှင့်နည်းပညာ" ခေါင်းစဉ်ဖြင့် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**❖ ယနေ့ခေတ်တိုးတက်မှုအမြန်ဆုံးနည်းပညာမှာ ဉာဏ်ရည်တုနည်းပညာ(AI) ဖြစ်၊ ဉာဏ်ရည်တုနည်းပညာကို အကျိုးရှိစွာအသုံးချရေး၊ ခိုင်မာသောဉာဏ်ရည်တုနည်းပညာဂေဟစနစ်ကို တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်ဝသည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ် . . .**

**❖ မိမိတို့မြန်မာနိုင်ငံတွင်နျူကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေးဆောင်ရွက်ရမည်ဖြစ် . . .**

**❖ သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကြီးမားပြီး တက္ကသိုလ်ပညာသင်နိုင်သည့် လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်၊ သုတေသနပြုလုပ်ရုံသာမက အသုံးချမှုနှင့်ပတ်သက်၍လည်း မိမိတို့တတ်မြောက်ထားသည့်ပညာရပ်များဖြင့် ဒေသနှင့်တိုင်းပြည်၏အကျိုးကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရမည်ဖြစ် . . .**

နေပြည်တော် စက်တင်ဘာ ၂၅

"လူငယ်နှင့်အနာဂတ်မြန်မာ-သိပ္ပံနှင့်နည်းပညာ" ခေါင်းစဉ်ဖြင့် သိပ္ပံပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၊ RADISSON COLLECTION ဟိုတယ်၊ Conference Hall ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ သိပ္ပံပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦး၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အရပ်ဘက်တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာလေ့လာဆန်းစစ်မှုများ၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့်နည်းပညာဆိုင်ရာများကို ကဏ္ဍပေါင်းစုံတွင် အသုံးချနိုင်မည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ စသည်ဖြင့် ကဏ္ဍအလိုက် ပိုစတာများဖြင့် သုံးသပ်တင်ပြထားမှုအား ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုလေ့လာကြပြီး ပြကွက်တာဝန်ခံများ၏တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် သိပ္ပံပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို စတင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် "လူငယ်နှင့်အနာဂတ်မြန်မာ" သိပ္ပံနှင့်နည်းပညာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသည် အနာဂတ်မြန်မာနိုင်ငံတွင် ကြုံတွေ့လာနိုင်သည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာစိန်ခေါ်မှုများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းအဖြေရှာနိုင်စေရန်၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များ စိတ်အားထက်သန်စွာဖြင့်ပူးပေါင်းပါဝင်လာစေရေး ခေတ်မီဆန်းသစ်ပြီး စဉ်းစားတွေးခေါ်နိုင်မှုမြင့်မားသည့် ပညာတတ်လူငယ်များဖြစ်လာစေရန်၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်များ၏ စွမ်းဆောင်နိုင်မှုအပေါ် မြှင့်တင်အားပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ယခုဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်အသီးသီးတွင် သုတေသနပြုစုနေကြသည့် သင်တန်းသားများမှ လေ့လာတွေ့ရှိချက်များအပေါ် မိမိတို့တွင်ရှိသည့်အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး တင်ပြဆွေးနွေးကြမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏သိပ္ပံနှင့်နည်းပညာကဏ္ဍအပေါ် အကျိုးရှိစေမည်ဖြစ်ကြောင်း၊ တင်ပြဆွေးနွေးသူများ၏ လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခြင်းများ၊ အတွေ့အကြုံဖလှယ်ခြင်းများ ပြုလုပ်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ စွမ်းအင်ဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုနည်းပညာဆိုင်ရာနယ်ပယ်များတွင် ပညာရှင်များစွာလိုအပ်လျက်ရှိနေကြောင်း၊ ပြည်တွင်း၌ အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေအချိုးအစားများပြားသော်လည်း စက်မှု၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း။

ထို့ကြောင့် လူငယ်များကို ဝေဖန်ပိုင်းခြားတွေးခေါ်တတ်မှု၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်တတ်မှု၊ ပြဿနာကိုကိုင်တွယ်ဖြေရှင်းနိုင်မှု၊ စုပေါင်းဆောင်ရွက်နိုင်မှု စသည့်စွမ်းရည်များသာမက စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန်အတွက် ညီလာခံများ၊ ယခုကဲ့သို့အလုပ်ရုံဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ပြုလုပ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသည့်ဆောင်ပုဒ်အတိုင်း ပညာရေးကဏ္ဍကို အားပေးထောက်ပံ့လျက်ရှိပြီး ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးလျက်ရှိကြောင်း၊ အသိဉာဏ်ပညာပြည့်စုံသည့် လူငယ်ပညာရှင်များပေါ်ထွန်းလာရေး၊ အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်များနှင့်ပြည့်စုံပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်တည်လာစေရေး လူငယ်များကို နိုင်ငံ့အနာဂတ်ပွဲကိုင်ရှင်များအဖြစ်သတ်မှတ်ကာ နိုင်ငံသားတိုင်းအားလုံးက လူငယ်စွမ်းရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီး လုပ်ဆောင်ရန်လိုကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံအများစုက ကဏ္ဍပေါင်းစုံတွင် အချက်အလက်များကိုအသုံးချပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြကြောင်း၊

**စာမျက်နှာ ၆ သို့ ○**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံသို့ တရားဝင်အလုပ်သဘောခရီးသွားရောက်မည်

နေပြည်တော် စက်တင်ဘာ ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့သို့ရောက်ရှိနေသည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း ကာဇက်စတန်နိုင်ငံသို့ တရားဝင်အလုပ်သဘောခရီးသွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကာဇက်စတန်နိုင်ငံသမ္မတအပါအဝင် တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် အထင်ကရနေရာများသို့သွားရောက်လေ့လာခြင်းများဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများကို ဆွေးနွေးသွားမည်ဖြစ်သည်။

(၁၀၀)



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အရပ်ဘက်တက္ကသိုလ်အသီးသီးတွင်ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများအနက် ကိုယ်စားလှယ်သင်တန်းသားတစ်ဦးက သိပ္ပံနည်းပညာဆိုင်ရာဆန်းစစ်လေ့လာချက်များနှင့်ပတ်သက်၍ ခေါင်းစဉ်အလိုက်ဆွေးနွေးတင်ပြစဉ်။

○ **စာမျက်နှာ ၅ မှအဆက်**

သတင်းအချက်အလက် သိပ္ပံနည်းပညာဆိုင်ရာလုပ်ငန်းများ၊ အချက်အလက်သိပ္ပံသုတေသနလုပ်ငန်းများနှင့် နိုင်ငံတော်အတွက်အထောက်အကူပြုသည့် အကျိုးဖြစ်ထွန်းစေမည့် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ယနေ့ခေတ် တိုးတက်မှုအမြန်ဆုံးနည်းပညာမှာ ဉာဏ်ရည်တုနည်းပညာ(AI) ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ဉာဏ်ရည်တုနည်းပညာကို တွင်ကျယ်စွာအသုံးပြုနေကြပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် ဉာဏ်ရည်တုနည်းပညာအသုံးပြုနိုင်ရေး ကြိုးပမ်းသွားရမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် ဉာဏ်ရည်တုနည်းပညာကို စိုက်ပျိုးရေးကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဉာဏ်ရည်တုနည်းပညာကို အကျိုးရှိစွာအသုံးချရေး၊ ခိုင်မာသောဉာဏ်ရည်တုနည်းပညာဂေဟစနစ်ကို တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးချမှုများမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နျူကလီးယားစွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်နည်းပညာကို စွမ်းအင်ကဏ္ဍအပြင် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် အသုံးချနိုင်သည့်အတွက် မိမိတို့နိုင်ငံ၏ နျူကလီးယားအခြေခံအဆောက်အအုံ တည်ထောင်နိုင်ရေး ကျွမ်းကျင်သောလူ့စွမ်းအားအရင်းအမြစ်များလိုအပ်မည်ဖြစ်ကြောင်း။

ယနေ့ မိမိတို့ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းသည် ရှိရင်းစွဲအလုပ်ကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံအတွက် အရွေ့တစ်ခု၊ မှတ်တိုင်တစ်ခုကို ရေးထိုးနိုင်သည်အထိ လုပ်ငန်းများအပေါ် ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ခြင်းနှင့် စိတ်အားထက်သန်မှုရှိခြင်းတို့သည် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်သည်ကို အစဉ်နှလုံးသွင်းခံယူထားပြီး ကြိုးစားကြရန်လည်း မှာကြားလိုကြောင်း။

**ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနည်းပညာများကို မျက်ခြည်မပြတ်ဆည်းပူးလေ့လာပြီး မိမိတို့တတ်ကျွမ်းသည့်ပညာရပ်နှင့် နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများတွင် ဆက်လက်ဆောင်ရွက်သွားရမည်**လည်းဖြစ်ကြောင်း၊ **သင်ကြားပေးလိုက်သည့် ခေတ်မီနည်းပညာများကို နိုင်ငံအတွင်း၌ ထိရောက်စွာအသုံးချနိုင်ရေး နိုင်ငံ့အကျိုးစီးပွားအတွက် လက်ဆင့်ကမ်းလွှဲပြောင်းထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်**သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲမှ နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ၊ လိုအပ်ချက်များကိုဖော်ထုတ်နိုင်ကြစေရန်နှင့် နိုင်ငံ့အကျိုးစီးပွားအတွက် ရည်ရွယ်ချက်ကောင်းနှင့် ခံယူချက်ကောင်းများထားရှိပြီး အနာဂတ်မြန်မာနိုင်ငံတော်၏နိုင်ငံ့သားကောင်းများဖြစ်ကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အရပ်ဘက်တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများအနက် ကိုယ်စားလှယ်သင်တန်းသားများက သိပ္ပံနည်းပညာဆိုင်ရာဆန်းစစ်လေ့လာချက်များနှင့်ပတ်သက်၍ ခေါင်းစဉ်အလိုက် ဦးဆောင်ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက သိရှိလိုသည့် မေးခွန်းများကို မေးမြန်းဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကြီးမားပြီး တက္ကသိုလ်ပညာသင်နိုင်သည့်လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်ကြောင်း၊ အရည်အချင်းရှိသည့် ကျောင်းသားများဖြစ်ရမည်ဖြစ်ပြီး အရေအတွက်များ များစွာရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားရသည့်အတွေ့အကြုံများ၊ မြင်တွေ့နေရသည့် အတွေ့အကြုံများနှင့် ဆွေးနွေးတင်ပြသွားသည်ကိုတွေ့မြင်ရပြီး မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများဖြင့်လည်းချိန်ထိုးစဉ်းစားသွားကြရန်လိုကြောင်း။

သုတေသနပြုလုပ်ရုံသာမက အသုံးချမှုနှင့်ပတ်သက်၍လည်း မိမိတို့တတ်မြောက်ထားသည့်ပညာရပ်များဖြင့် ဒေသနှင့်တိုင်းပြည်၏အကျိုးကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း တက်ရောက်အောင်မြင်ပြီးစီးပါက လက်တွေ့လုပ်ငန်းနယ်ပယ်သို့ ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်သည်အထိ သင်ကြားပေးသွားရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အားနည်းချက်များရှိနေဆဲဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်၍ ပညာရေးကိုအားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့်တိုင်ပင်ဆွေးနွေးခဲ့ပြီး Polytechnic တက္ကသိုလ်များ၊ Institute ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အခြေခံပညာအလယ်တန်းအဆင့် တတ်မြောက်ပြီးသူများတက်ရောက်နိုင်ရေးအတွက် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း။


ခေတ်နှင့်အညီပြောင်းလဲတိုးတက်နေသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဘာသာရပ်များကိုလည်း သိရှိနားလည်ကျွမ်းကျင်နိုင်စေရေး ဆက်လက်လေ့လာကြိုးစားအားထုတ်သွားရန်လိုကြောင်း၊ မိမိတို့သင်ယူတတ်မြောက်လာသည့်ဘာသာရပ်အသီးသီး၊ အသိအမြင်အသီးသီးတို့ဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ဖော်ဆောင်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆင့်မြင့်ပညာရပ်များကို နိုင်ငံရပ်ခြား၌ လာရောက်သင်ယူနေရသည်ဖြစ်သည့်အတွက် တစ်ဦးချင်းစီအလိုက် ဘဝများတိုးတက်စေရေး၊ နိုင်ငံတော်မှ ပညာတော်သင်စေလွှတ်ရကျိုးနပ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကောင်းမွန်သည့် အတွေးအခေါ်အသိအမြင်များဖြင့် နိုင်ငံတော်အတွက် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို ကောင်းမွန်သည့်ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာ တည်ဆောက်ရမည်ဖြစ်သဖြင့် တစ်ဦးချင်းစီအလိုက် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။


ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**အထူးမိုးလေဝသ သတင်း**


# အောက်တိုဘာလ ၁ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်




နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသော အပူပိုင်းမုန်တိုင်းငယ်မှ ပြတ်ထွက်လာသောတိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညနေမှ အောက်တိုဘာလ ၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင်ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။






သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# အပူပိုင်းမုန်တိုင်းငယ် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကုန်းတွင်းဒေသများကို ဆက်လက်ဖြတ်ကျော်ကာ တဖြည်းဖြည်း အားလျော့သွားမည်

Japan Meteorological Agency (JMA) အပူပိုင်းမုန်တိုင်းငယ် လမ်းကြောင်းပြပုံ






နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးပြည်နယ် တောင်ပိုင်းဒေသများကို ဖြတ်ကျော်ခဲ့သော အပူပိုင်းမုန်တိုင်း "ရာဂါဆာ" (RAGASA) သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး အပူပိုင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားခဲ့ကာ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကုန်းတွင်းဒေသများကို ဆက်လက်ဖြတ်ကျော်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။

(မိုး/ဇလ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၂၀ | ၃၀၃၅ | ၃၀၀၀ | ၂၉၃၅ | ၃၀၄၀ | ၃၀၅၅ | ၃၀၇၀ | ၂၉၉၀ | ၄၅၀၅ | ၃၂၈၅ | ၃၀၁၀ | ၃၀၁၀ | ၃၀၈၀ | ၃၀၄၅ | ၃၀၆၅ | ၃၃၂၅ |
| 95 Ron | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၅ | ၃၀၅၅ | ၄၅၆၀ | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၃၀ | ၃၃၈၅ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၉၅ | ၂၆၆၀ | ၂၅၉၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၃၅ | ၂၆၅၀ | - | ၂၉၄၅ | ၂၆၇၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၀၅ | ၂၇၂၅ | ၂၉၈၅ |
| HSD (50 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၅ | ၃၁၉၀ | ၃၂၉၅ | ၃၃၁၀ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၅ | ၃၃၃၅ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၅ | ၃၁၉၀ | ၃၂၉၅ | ၃၃၁၀ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၅ | ၃၃၃၅ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၃ | ၂၈၄၂ |
| 95 Ron | ၂၈၁၃ | ၂၉၀၃ |
| HSD (500 ppm) | ၂၄၂၄ | ၂၅၀၂ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၈ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၅**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင်ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင်ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ပါသည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲကျော်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ပါသည်။

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့်မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)







# ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိကြသူများကို ယနေ့တွင်ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သည်။

အဆိုပါဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ

**အဆင့်မြင့်ပညာအဆင့် ဆရာ၊ ဆရာမများ**

**ခေါင်းစဉ် - "ဆရာတို့လျှောက်သောလမ်း"**

ပထမ - ဦးရဲမင်းထက်(ရဲမင်းထက်၊ မြန်မာစာ)၊ နည်းပြ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

ဒုတိယ - ဒေါ်လွဲ့လွဲ့ဝင်း(လွဲ့လွဲ့ – ကသာ)၊ နည်းပြ၊ ကသာပညာရေးဒီဂရီကောလိပ်၊ ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ - ဒေါ်ဇင်မာအောင်(ဇေင်)၊ လက်ထောက်ကထိက၊ ကသာပညာရေးဒီဂရီကောလိပ်၊ ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးနှင့် အထက်အရာထမ်းများအဆင့်**

**ခေါင်းစဉ် - "တပည့်တို့အတွက် စေတနာဆရာ"**

ပထမ - ဒေါက်တာနန်းအိဖြိုးမွန်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပညာဌာန၊ နေပြည်တော်ပညာရေးမှူးရုံး၊ နေပြည်တော်

ဒုတိယ - ဒေါ်သန်းသန်းဦး(အသန်းလေး)၊ အလယ်တန်းကျောင်းအုပ်၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၊ ထ(ခွဲ)၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

တတိယ - ဦးညွှန့်ဝင်း(ညွှန့်ဝင်း–နတ်တလင်း)၊ အလယ်တန်းကျောင်းအုပ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကျောက်ခွက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး (အနောက်)

**အခြေခံပညာအထက်တန်းဆင့်သင် ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - "ဆရာဘဝ၏ အနှစ်သာရ"**

ပထမ - ဒေါ်လေးလေးနွယ်(မလေး–ပညာရေး)၊ အထက်တန်းပြ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - ဒေါ်အိအိခင်(အိခက်ခက်ဖူး)၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ တောင်မန်း၊ မင်းဘူး(စကု)မြို့၊ မကွေးတိုင်းဒေသကြီး

တတိယ - ဒေါ်ခေါ်ဇာဖွန်(သဇင်)၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း၊ မလွန်၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး

**အခြေခံပညာအလယ်တန်းဆင့်နှင့်မူလတန်းဆင့်သင် ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - "ဆရာဘဝ၏ အနှစ်သာရ"**

ပထမ - ဒေါ်သော်ဇင်ချမ်းမြေ့သူ(အလင်းနတ်သမီး–ဘိုကလေး)၊ ဒုတိယမူလတန်းပြ၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - ဒေါ်နှင်းဝါထွန်း(စနိုး)၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း မလွန်၊ မင်းလှမြို့၊ မကွေးတိုင်းဒေသကြီး

တတိယ - ဦးကောင်းမြတ်သူ၊ လက်ထောက်မူလတန်းပြ၊ အမှတ်(၉)အခြေခံပညာမူလတန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

## ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ

**တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံအဆင့်**

**ခေါင်းစဉ် - "ခံယူထိုက်စေ ဆရာ့အမွေ"**

ပထမ - မဖူးဖူးဝေ၊ စတုတ္ထနှစ် – ပထမနှစ်ဝက်၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - မအေးအေးအောင်၊ ဒုတိယနှစ်–ဒုတိယနှစ်ဝက်၊ မုံရွာပညာရေးဒီဂရီကောလိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ - မောင်ထက်ဝေယံ၊ စတုတ္ထနှစ်–ပထမနှစ်ဝက်၊ မန္တလေးပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် - "ဆရာ့ ဂုဏ်ရည်"**

ပထမ - မောင်ဇင်နန္ဒ၊ Grade–11၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မြဝတီမြို့၊ ကရင်ပြည်နယ်

ဒုတိယ - မဆုမြတ်ရတနာ၊ Grade–11 ၊ အခြေခံပညာအထက်တန်းကျောင်း၊ မြို့မ၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး (အနောက်)

တတိယ - မောင်သော်လင်းရောင်၊ Grade–11၊ AETSC ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရပ်စောက်မြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် - " မြတ်ဆရာ"**

ပထမ - မယုယုငယ်၊ Grade–9၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ နောင်စွန်း၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်

ဒုတိယ - မဝသုန်မိုးစက်၊ Grade–6၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မြဝတီမြို့၊ ကရင်ပြည်နယ်

တတိယ - မပဟေသီသန့်၊ Grade–7၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အိုးဘိုတောင်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

## ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲ

**တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံအဆင့်**

**ခေါင်းစဉ် - " ဆရာသခင် ကျေးဇူးရှင်"**

ပထမ - မောင်စိုင်းရန်လင်းထွန်း၊ တတိယနှစ်–ဒုတိယနှစ်ဝက်၊ ထားဝယ်ပညာရေးဒီဂရီကောလိပ်၊ တနင်္သာရီတိုင်းဒေသကြီး

ဒုတိယ - မောင်ဇင်မင်းထွဋ်၊ စတုတ္ထနှစ်–ဒုတိယနှစ်ဝက်၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

တတိယ - မောင်စိုးမင်းနိုင်၊ တတိယနှစ်–ဒုတိယနှစ်ဝက်၊ ဘားအံပညာရေးဒီဂရီကောလိပ်၊ ကရင်ပြည်နယ်

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် - "ပညာပြည့်ဝ နှလုံးလှ"**

ပထမ - မောင်လင်းမြတ်ဖုန်း၊ Grade –10၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ဒုတိယ - မရှင်းသန့်ဖြူ၊ Grade–10၊ အခြေခံပညာအထက်တန်းကျောင်း၊ ရွာထောင်၊ အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး

တတိယ - မဆုမြတ်ရတနာ၊ Grade–11၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် - "ထာဝရ အလင်းရှင်"**

ပထမ - မောင်ဘုန်းမင်းခန့်၊ Grade–6၊ အခြေခံပညာအထက်တန်းကျောင်း၊ ရွှေညာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

ဒုတိယ - မရွှေလွှာအိမ်၊ Grade–9၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ လွိုင်လင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

တတိယ - မောင်လှဝင်း၊ Grade –9၊ အခြေခံပညာအထက်တန်းကျောင်း၊ ဖလေး၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာလ ၃ ရက် (သောကြာနေ့) ညနေထက် နောက်မကျဘဲ မန္တလေးမြို့၊ မန္တလေးပညာရေးဒီဂရီကောလိပ်တွင်တည်းခိုနိုင်ရန်အတွက် ဒေါ်တင်မာလွင်၊ ပါမောက္ခ၊ မန္တလေးပညာရေးဒီဂရီကောလိပ် (ဖုန်း–၀၉–၄၀၂၆၉၀၁၇၂၊ ၀၉–၇၈၁၆၆၇၀၈၅) နှင့် ဦးသူရိန်စိုး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊(ဖုန်း–၀၉–၄၀၂၅၃၃၁၄၃) ထံဆုရရှိသူ(+၁)သာ ရောက်ရှိ (မပျက်မကွက်) သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေး

ပြည် စက်တင်ဘာ ၂၅

ပြည်မြို့ တည်ဆောက်ရေး(၂)အစည်းအဝေးခန်းမ၌ စက်တင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေးနည်းပညာပေးဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက "ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ပိုးသတ်ဆေးအား စနစ်တကျသုံးစွဲတတ်စေရေး အသိပညာပေးပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တက်ရောက်လာသည့်




ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ပိုးသတ်ဆေးသုံးစွဲခြင်းနှင့်ပတ်သက်၍ တောင်သူအသိပညာပေး စာစောင်များအား လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## တံခွန်စိုက်ဖလားနှင့်ရွှေတံဆိပ်ဆုရရှိသူများအား ဂုဏ်ပြုပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၂၅

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်တင်းနစ်အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဖလားနှင့် ရွှေတံဆိပ်ဆုများရရှိသည့်အားကစားထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကို စက်တင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမြလင်းရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာပဲခူးတိုင်းဒေသကြီး ပညာရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဆရာကြီးဦးသန်းအောင်က အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အားကစားနည်းပြချုပ် ဦးခင်မောင်ဝင်းက ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တင်းနစ်အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဖလားနှင့်ရွှေတံဆိပ်ဆုများရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများနှင့် ဆုတံဆိပ်များ အသီးသီးပေးအပ်ကြသည်။

ထို့နောက် ပဲခူးမြို့နယ် ပညာရေးမှူး ဆရာကြီး ဦးမျိုးမြင့်သိန်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူလေးများက သီချင်းများ၊ ရိုးရာအကများဖြင့် ဖျော်ဖြေဂုဏ်ပြုကြကြောင်းသိရသည်။ **အောင်ဖြူလင်း၊ (၄၁၀)**

## ထိန်းသိမ်းစို့လေ တို့အမွေ

❖ ကြေး ကြိုး သရေ လေ လက်ခုပ်
ဘိုးဘွားလုပ် ငါးပဉ္စာ။
စောင်း ငြင်းပါ သာမိချောင်းနှင့်
ပေါင်းစပ်ထိတျာ။
ကရဝိက် ရွှေကြိုးကြာ
ကျူးရင့်ကာ အသံရှာခြင်း။
ပတ်သာတွင် ထပ်ကာသွင်းသည့်
ရှေးက ခွက်ခွင်း။

❖ ပီ မြည်သာ ကြည်စွာရှင်းနှင့်
ရွှေနားသွင်း ချောင်းကို။
သီကာဆို သာ ပတ်ပျိုးရှင့်
ဘွဲ့ ကြိုး သံချို။
ဘုန်းတော်ခန်း နန်းဗဟို
ညဉ့်ယံကြို ဆိုအက။
ရကန်ကို သဖြန်ဆင့်မို့
ဂုဏ်တင့်ပေစွ။

❖ ဘိုးဘွားအမွေ အရှည်လှဖို့
မသွေပ ထိန်းသိမ်းရန်။
တို့နိုင်ငံ တို့လူမျိုး၏
တန်ဖိုးလက်ကျန်။
ရတု နှင့် ပျို့ အဲ အန်
ဗုံကြီးသံနှင့် အောင်လံလွှင့်။
ကမ္ဘာမှာ မြန်မာတို့
ထိန်းလို့ ဂုဏ်မြှင့်။ ။

**ကိုမောင်လှသိန်း(ညိုမြတို့ရွာ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၉-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၀:၀၀ | သီချင်းလက်ဆောင် |
| ၅။ | ၁၁:၀၀ | မြတ်ဗုဒ္ဓ၏သာသနာ |
| ၆။ | ၁၂:၀၀ | မြန်မာ့ရှုခင်း |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၉။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၁၀။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၁၁။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၁၂။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၄။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ သောဝစသုတ္တ** |
| ၁၅။ | ည ၈ နာရီ သတင်းအပြီး | အမျိုးသားရေးတေးကဗျာ |
| ၁၆။ | | ကျန်းမာသုတ |
| ၁၇။ | | အိုဘယ့်သခင်တေးနုယဉ် |

## MWD Variety Channel

၂၆-၉-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၅၀ | Countries of the World |
| ၂။ | ၁၁:၃၀ | လူငယ့်ရှေ့ရေးအတွေးကမ္ဘာ |
| ၃။ | ၁၂:၂၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၄။ | ၁၄:၄၀ | ကျန်းမာသောဘဝ |

# မျက်စိစမ်းသပ်ခွဲစိတ်ကုသမှုခံယူလျက်ရှိသည့်လူနာများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုအားပေး၊ အလှူငွေများပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂၅**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်သွားနှင့်ခံတွင်းရောဂါအထူးကုဆေးရုံ၌ မျက်စိစမ်းသပ် ခွဲစိတ်ကုသမှုခံယူလျက်ရှိသည့်လူနာများအား ကြည့်ရှုအားပေးပြီး မျက်စိခွဲစိတ်ကုသမှုဆိုင်ရာလုပ်ငန်းများတွင်အသုံးပြုရန် အလှူငွေကျပ်သိန်း ၃၀ ကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်ရောဂါအထူးကုဆေးရုံ ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် သဲဖြူဆရာတော်ကြီးအားအမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးပါဝင်မှု၊ နေပြည်တော်ကောင်စီ၏ပံ့ပိုးမှုနှင့် စက္ခုအလင်းကျန်းမာရေးကုသိုလ်ပြု အလှူရှင်များ၏လှူဒါန်းမှုဖြင့် နေပြည်တော် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်ရောဂါအထူးကုဆေးရုံကြီးမှ ပါမောက္ခ(မျက်စိ)နှင့် မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးပြီးသော လူနာ ၃၆ ဦးအတွက် ပါဝါဒီဂရီမျက်မှန်များကိုလည်းကောင်း၊ ဆေးရုံပြင်ပလူနာဌာနတွင် မျက်စိခွဲစိတ်ကုသပြီးသော လူနာ ၅၀ ဦးအတွက်နေကာမျက်မှန်များကိုလည်းကောင်း၊ မျက်စိဝေဒနာရှင် ၂၈၆ ဦးအတွက် စက္ခုငါးပါးဘုရားရှိခိုးဂါထာတော်များ၊ ထမင်းဘူးနှင့်သောက်ရေသန့်ဘူးများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**မြဝတီ**

# စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိစွာသုံးစွဲနိုင်ရေးအတွက် စွမ်းအင်စီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၅

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ၂၀၂၃ ဖြင့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိစွာသုံးစွဲရေးရှေ့ပြေးစီမံကိန်း၌ ပါဝင်သည့် စွမ်းအင်စီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့်တက်ရောက်ပြီး မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(မြန်မာ)၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှသံမှူးကြီး Dr. Zheng Zhihong နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းတို့မှ ကိုယ်စားလှယ်များ၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများမှ သင်တန်းသားများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက စားသောက်ကုန်လုပ်ငန်းကဏ္ဍရှိ စက်ရုံအလုပ်ရုံများတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး လုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များသက်သာစေပြီး ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်ရန်ဖြစ်ကြောင်း၊ ယခု မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများသည် မူဝါဒနှင့်အညီဆောင်ရွက်ခြင်းဖြစ်ပြီး အဓိကအားဖြင့် စက်မှုကဏ္ဍနှင့်သက်ဆိုင်ကြောင်း။

သင်တန်းကို ရန်ကုန်မြို့ရှိ စားသောက်ကုန်လုပ်ငန်းအများစုအတွက် ရည်ရွယ်ခြင်းဖြစ်ပြီး စွမ်းအင်စီမံခန့်ခွဲမှုစနစ်နှင့်စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနည်းပညာများကို တရုတ်နိုင်ငံရှိ ကျွမ်းကျင်ပညာရှင်များက Online ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ပြီး ပြည်တွင်းပညာရှင်များမှလည်း သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှသံမှူးကြီးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က သင်တန်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများ/အဖွဲ့အစည်းများ/စားသောက်ကုန်လုပ်ငန်းများမှသင်တန်းသား ၇၀ ဦးတက်ရောက်ကြပြီး စက်တင်ဘာလ ၂၅ ရက်နှင့် ၂၆ ရက် နှစ်ရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ကာ စွမ်းအင်စီမံခန့်ခွဲမှုစနစ် ISO 50001၊ အအေးစနစ်သုံးထောက်ပံ့ပို့ဆောင်မှု ကွင်းဆက်အတွက် အစိမ်းရောင်စွမ်းအင်ချွေတာမှုဆိုင်ရာ နည်းပညာ၊ ဖိသိပ်လေစနစ်ကို အကျိုးရှိအောင်အသုံးချခြင်း၊ အလင်းပေးခြင်းတွင် စွမ်းအင်ကို ထိရောက်စွာအသုံးချခြင်း၊ ဘွိုင်လာနှင့်ရေနွေးငွေ့စနစ်များကို အကျိုးရှိအောင်အသုံးချခြင်း၊ လေအေးပေးစနစ်တွင် စွမ်းအင်ကို ထိရောက်စွာအသုံးချခြင်း၊ ပြည့်ဖြိုးမြဲနေရောင်ခြည်စွမ်းအင်စနစ်ဆိုင်ရာ ဆန်းစစ်ခြင်းတွင် အသုံးပြုရန်စနစ်တို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များလေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၂၅**

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ၏လေ့ကျင့်နေမှုကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ (အမျိုးသား/ အမျိုးသမီး)ပိုက်ကျော်ခြင်း နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ အသင်းလိုက်လေ့ကျင့်နေမှုနှင့် ကွင်းသွင်းခြင်းခတ်အားကစားသမားများ၏ အရှိန်အဟုန်မပြတ် ကြိုးစားလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအနေဖြင့် လေ့ကျင့်မှုပြုလုပ်ရာတွင် ထိခိုက်ဒဏ်ရာမရရှိအောင် ဂရုစိုက်လေ့ကျင့်ရန်လိုကြောင်း၊ မိမိတို့လေ့ကျင့်ထားသည့်အတိုင်း ပြိုင်ပွဲတွင် အကျိုးရှိရှိ ပြန်လည်အသုံးချ၍ ယှဉ်ပြိုင်နိုင်စေရန်အတွက် ယခုအချိန်ကတည်းက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစားလေ့ကျင့်ကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ(A/B/C) ရုံများ၏ အတွင်းအဆောက်အအုံပိုင်းနှင့် ရေလိုင်း၊ မီးလိုင်းပြန်လည်ပြုပြင်နေသည့် အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့်စပ်လျဉ်း၍မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်နေပြည်တော်ကိုယ်စားပြု အားကစားသမားများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော် ကိုယ်စားပြုအားကစားသမားများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဦးစွာ ပျဉ်းမနားမြို့နယ် ဘောဂဝတီအားကစားလေ့ကျင့်ရေးကွင်း၌ စခန်းသွင်းလေ့ကျင့်နေသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြု အမျိုးသမီးဘောလုံးအသင်းကိုလည်းကောင်း၊ ရွှေကြာပင်ရပ်ကွက်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားရုံ၌ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်ကိုယ်စားပြုအားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုကိုလည်းကောင်း၊ ရွှေကြာပင်ရပ်ကွက်ရှိ 7 Club ဘိလိယက်ရုံ၌ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်နေပြည်တော်ကိုယ်စားပြုအားကစားသမားများလေ့ကျင့်နေမှုကိုလည်းကောင်း သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်နေရာများပြန်လည်ပြုပြင်နေမှု အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင်နေမှုအခြေအနေ၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဝေးမြို့နယ်၊ ရာဇသင်္ဂဟလမ်းမကြီး တစ်လျှောက် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားခဲ့ကြောင်းသိရသည်။

**ပုဗ္ဗသီရိ(ပြန်/ဆက်)**

# 39th Asean Senior Amateur Championship 2025 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အသင်း ချန်ပီယံဆုအပါအဝင် အောင်မြင်မှုများရရှိ

နေပြည်တော် စက်တင်ဘာ ၂၅

ဘရူနိုင်းနိုင်ငံ The Empire Country Club နှင့် The Pantai Mentiri Golf Club တို့၌ စက်တင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် 39th Asean Senior Amateur Championship 2025 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အသင်း ချန်ပီယံဆုအပါအဝင် အောင်မြင်မှုများရယူနိုင်ကြောင်း သိရသည်။

39th Asean Senior Amateur Championship 2025 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အသင်းလိုက် အကျော့မဲ့ပြိုင်ပွဲတွင် ဦးကိုကိုအေး(MGF)၊ ဦးအိုက်ပန်း(MGF)၊ ဦးစိုး(မန္တလေး)နှင့် ဦးစန်းလွင် (မန္တလေး) တို့ပါဝင်သော မြန်မာအသင်းက ချန်ပီယံဆု၊ တစ်ဦးချင်းအကျော့မဲ့ပြိုင်ပွဲတွင် ဦးအိုက်ပန်းက ချန်ပီယံဆု၊ ဦးစိုး(မန္တလေး)က ဒုတိယ၊ ဦးဆန်းမင်း (မော်လမြိုင်)က စတုတ္ထနှင့် ဦးကိုကိုအေးက ဒသမနေရာ အသီးသီး ရရှိသည်။

ယင်းပြိုင်ပွဲတွင်အိမ်ရှင်ဘရူနိုင်းအပါအဝင် မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် မြန်မာနိုင်ငံ စုစုပေါင်းနိုင်ငံ ခြောက်နိုင်ငံ အသက် ၅၅ နှစ်နှင့်အထက် စီနီယာ အပျော်တမ်းဂေါက်သီးရိုက်ကစားသမား ၂၅၆ ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။

မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အသင်းတွင် ကစားသမားများအဖြစ် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးဇာနည်ဝင်း၊ ဦးလှမြင့်ရွှေ (မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အဖွဲ့ ဆပ်ကော်မတီဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမြင့်ဦး (ပြိုင်ပွဲဝင်အသင်းခေါင်းဆောင်)၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်အောင် (ပြိုင်ပွဲဝင်အသင်း ဒုတိယခေါင်းဆောင်)၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးဝင်းမြင့်ချင်း၊ ဦးအိုက်ပန်း၊ ဦးတင်မောင်မောင်ဝင်း၊ ဦးစိုးနှင့် ကျန်ကစားသမားများဖြစ်သော ဦးဇော်မင်း (ခ)လုလု၊ ဦးကျော်မြင့်လှိုင်၊ ဦးအုန်းကျော်၊ ဦးစိုင်းဖိလစ်ရီ၊ ဦးဆန်းဦးလှိုင်၊ ဦးဆန်းမင်း၊ ဦးစိုးလှိုင်၊ ဦးရွှေထွန်းလှိုင်၊ ဦးကျော်စိန်လင်း နှင့် ဦးစန်းလွင်တို့ပါဝင်ကြသည်။



မြန်မာနိုင်ငံသည်ASEAN Senior Amateur Golf Associations အဖွဲ့ဝင်အဖြစ် ၂၀၂၃ ခုနှစ်တွင် စတင်ဝင်ရောက်ခွင့်ရရှိခဲ့ပြီး ယခုနှစ်တွင်ကျင်းပသော 39th Asean Senior Amateur Championship 2025 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်မြင်မှုများရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြဝတီ**

## MWD Education, Knowledge & Sports Channel

၂၆-၉-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၀ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၃၅ | Grade – 9 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၃၅ - ၁၈:၁၀ | Grade – 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

# မိုးရာသီ အစေ့ထုတ်ပြောင်းနှင့် ပဲတီစိမ်းသီးထပ် စိုက်ပျိုးခြင်းဆောင်ရွက်

မြဝတီ စက်တင်ဘာ ၂၅

ကရင်ပြည်နယ် မြဝတီမြို့တွင် စပါးစိုက်တောင်ယာလုပ်ကိုင်သူအများစုမှာ မိုးရာသီ အစေ့ထုတ်ပြောင်းအား စီးပွားဖြစ်စိုက်ပျိုးကြသည်။

မြဝတီမြို့၌ မိုးအစေ့ထုတ်ပြောင်းကို မေလနှင့်ဇွန်လတို့တွင် စတင်စိုက်ပျိုးကြပြီး စက်တင်ဘာလပထမပတ်တွင် ပြောင်းပင်များကြား၌ ပဲတီစိမ်းများထည့်ပြီး သီးထပ်စိုက်ပျိုးကြသည်။

မိုးအစေ့ထုတ်ပြောင်းနှင့် မိုးပဲတီစိမ်းသီးထပ်စိုက်ပျိုးခြင်းကို မြဝတီမြို့နယ်၌ ဧက ၅၀၀၀၀ ကျော်ရှိရာ တစ်ဧက ၈၉ တင်းထိ ထွက်ရှိသည့်အတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီ၍ သီးထပ်စိုက်ပျိုးသည့် ပဲတီစိမ်းဧက ၅၀၀၀၀ ကျော်တွင် သတ်မှတ်ပန်းတိုင်တစ်ဧက တင်း ၂၀ ထွက်ရှိနိုင်ရန်နှင့် သတ်မှတ်ပန်းတိုင်ပြည့်မီရန် တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၆)



# အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီအစည်းအဝေး(၂/၂၀၂၅)သို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်



နေပြည်တော် စက်တင်ဘာ ၂၅

အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၅-၁-၂၀၀၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကလေးသူငယ်များအား အတင်းအကျပ် တပ်သားသစ်အဖြစ်စုဆောင်းခြင်းမပြုရန်၊ ကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့်အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် စသည့်ကော်မတီ၏ ရည်ရွယ်ချက်(၃)ရပ်ဖြင့် တပ်မတော်အတွင်း အသက် ၁၈ နှစ်မပြည့်သူများ စစ်မှုထမ်းဆောင်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူပင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် တပ်မတော်(ကြည်း) ပါဝင်နေခြင်းကို စာရင်းမှပယ်ဖျက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက်(Plan of Action) ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီနှင့် CTFMR တို့ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်ပါကြောင်း။

ထိုသို့ကော်မတီနှင့် CTFMR တို့အကြား Plan of Action သည် အသက်ဝင်ခြင်းမရှိတော့သော်လည်း မြန်မာ့တပ်မတော်အနေဖြင့် ကလေးသူငယ်များ၏အကျိုးစီးပွားကို ရှေးရှုလျက် မိမိတို့လုပ်ဆောင်ရန်ရှိသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း အလေးထားလိုက်ပါစုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီ၏ ရည်မှန်းချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သား အသုံးပြုမှုမရှိစေရေး တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို CTFMR သို့ အသိပေးအကြောင်းကြားလျက်ရှိပါကြောင်း။

Plan of Action လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအထိ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် အမြဲတမ်းစစ်မှုထမ်း ၁၁၅၂ ဦးကို တပ်မတော်မှနုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း တပ်သားသစ် စုဆောင်းရေးတပ်များတွင် စုဆောင်းရရှိသည့် တပ်သားသစ်များထဲမှ ငယ်ရုပ်မပျောက်သေးသူ၊ အသက်မပြည့်သေးသူဟု သံသယရှိသူများကို စိစစ်ရေးဘုတ်အဖွဲ့ဖြင့် စစ်ဆေးခြင်း၊ အရိုးဓာတ်မှန်ဖြင့် ရိုက်ကူး၍ စစ်ဆေးခြင်းများပြုလုပ်ခဲ့ရာ အသက်မပြည့်၍ ပြန်လည်စေလွှတ်ပေးခဲ့သူ တပ်သားသစ်များရှိကြောင်း။

ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော်၍ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ခဲ့ပါကြောင်း၊ ယင်းဆင့်ခေါ်ခဲ့သူများထဲမှ အသက်ငယ်ရွယ်ကြောင်း စိစစ်တွေ့ရှိသူများကိုလည်း ပြန်လည်စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း၊ အရွယ်မရောက်သေးသူများကို မှားယွင်းစုဆောင်းခဲ့သူ၊ မှားယွင်းဆင့်ခေါ်ခဲ့သူများကိုလည်း အရေးယူခြင်းများပြုလုပ်ခဲ့ပါကြောင်း။

တပ်မတော်အတွင်း အသက်မပြည့်စစ်သည်များ မှားယွင်းစုဆောင်းမှုမရှိစေရေးအတွက် အသိပညာပေးမှုအနေဖြင့် စစ်ဥပဒေချုပ်ရုံး၊ တိုင်းစစ်ဌာနချုပ်များမှ ဥပဒေဘာသာရပ်ဆိုင်ရာ အရာရှိကြီး/အရာရှိများက တပ်ရင်း/တပ်ဖွဲ့များနှင့် တပ်မတော်သင်တန်းကျောင်းများရှိ တပ်မတော်သားများအား ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအထိ စုစုပေါင်း ၂၇၂၀ ကြိမ် ဆွေးနွေးပို့ချနိုင်ခဲ့ပါကြောင်းပြောကြားသည်၊

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များက အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများအား အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက တပ်မတော်အတွင်း အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းရန်ဝင်ရောက်ခြင်းမရှိစေရေးနှင့် မှားယွင်းစုဆောင်းမှုမျိုးမရှိစေရေး ကဏ္ဍအလိုက်တာဝန်ရှိသူများက စဉ်ဆက်မပြတ်အလေးထားဆောင်ရွက်သွားစေလိုကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

မြဝတီ

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၂၆၇ ဦးတို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ နှင့် တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ တို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ မှ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင်နှင့်တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ မှတာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး အာဟာရဖြည့်စွက်စာများနှင့်အားဆေးများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးတို့က (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ နှင့် တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ တို့သို့ လှူဒါန်းငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ ၂၆ ရက်တွင်လည်း နေပြည်တော် ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့်စာရေးဝန်ထမ်း ၂၀၈ ဦးတို့က ဆက်လက်စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်သဖြင့် စုစုပေါင်းတပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၄၇၅ ဦးတို့မှ စုပေါင်းသွေးလှူဒါန်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ်ဖော်ဆောင်စို့

ဝင်းထွန်းဦး

နိုင်ငံတစ်နိုင်ငံ တိုင်းပြည်တစ်ပြည်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးလိုအပ်ချက်မှာ နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးကောင်းမွန်ဖြစ်တည်မှုရှိရန်ပင်ဖြစ်သည်။ ထိုလိုအပ်ချက်များအတိုင်း တည်ငြိမ်မှုနှင့်ကောင်းမွန်ဖြစ်တည်မှုများရှိလာလျှင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် အခြေခံအဆောက်အဦလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။ ထိုသို့လုပ်ဆောင်ပေးလျှင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုနှင့် တစ်ဆက်တစ်စပ်တည်းခရီးသွားလုပ်ငန်းထုတ်ကုန်နှင့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆောင်ရွက်ချက်များလည်း ဟန်ချက်ညီညီဖွံ့ဖြိုးပေါ်ထွက်လာမည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေမည့်သက်ရောက်မှုအကြောင်းတရားများပေါ်ပေါက်ပါကလျင်မြန်စွာကိုင်တွယ်ဖြေရှင်းပေးနိုင်သည့် နည်းဗျူဟာများ၊ မူဝါဒများကို ချမှတ်ဆောင်ရွက်ရမည်။ အစိုးရ၊ ပုဂ္ဂလိက၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုပြုကြရန်လိုအပ်သည်။

ခရီးသွားလုပ်ငန်းသည်ဝန်ဆောင်မှုကိုအခြေခံသောလုပ်ငန်းကဏ္ဍတစ်ခုဖြစ်သည်။ ကောင်းမွန်ပြီး အဆင့်အတန်းမြင့်စနစ်ကျနသော ဝန်ဆောင်မှုပေးနိုင်လျှင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည်ကမ္ဘာပေါ်တွင်အကြီးမားဆုံးစီးပွားရေးလုပ်ငန်းများစာရင်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံတွင်းဒေသအသီးသီးရှိပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်ရေးကို များစွာအထောက်အကူပြုပြီး မီးခိုးမထွက်သောစက်ရုံဟုတင်စားသတ်မှတ်ထားသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် တိုင်းပြည်အတွက် အခွန်ဘဏ္ဍာနှင့် နိုင်ငံခြားဝင်ငွေကိုရရှိစေပြီး အစိုးရနှင့်ဒေသခံများအတွက် ဝင်ငွေတိုးတက်ရရှိစေသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ အပြည်ပြည်ဆိုင်ရာနားလည်မှုရှိစေရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ လူ့အခွင့်အရေးကိုလေးစားရေး၊ လူမျိုးရေးခွဲခြားမှုကင်းသည့် အခြေခံလွတ်လပ်ခွင့်ရရှိရေး၊ လွတ်လပ်စွာကိုးကွယ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရေးတို့ကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ၁၉၇၆ ခုနှစ်တွင် “ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization–UNWTO)” ကို စတင်ဖွဲ့စည်းခဲ့သည်။၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး “ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)” ဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။ ယနေ့အချိန်တွင် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ကြီးသည် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၀၊ တွဲဖက်အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်း ၅၀၀ ကျော်တို့ ပါဝင်သည့် အဖွဲ့အစည်းကြီးတစ်ခုအဖြစ်ရပ်တည်နေသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာပဋိညာဉ်ကို အတည်ပြုခဲ့သည့် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနား စတင်ကျင်းပခဲ့သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့သည် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍကို မီးမောင်းထိုးပြပြီး နှစ်စဉ်နှစ်တိုင်း မတူညီသောဆောင်ပုဒ်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်မှာ "Tourism and Sustainable Transformation" “ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ်ဖော်ဆောင်စို့” ဖြစ်သည်။ ယင်းဆောင်ပုဒ်သည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့စေရန် အစဉ်မပြတ်အမြဲလုပ်ဆောင်မှုပြုနေကြစေရန် နိုင်ငံအသီးသီးရှိအစိုးရများ၊စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတွင်းနေ ပြည်သူလူထုများကို အသိပေးတောင်းဆိုထားခြင်းဖြစ်သည်။

**မြန်မာနိုင်ငံသည် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာပိုင်ဆိုင်ထားသော နိုင်ငံဖြစ်သည်။ တောင်ပေါ်မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေစသည့် မတူကွဲပြားထူးခြားလှသည့် သဘာဝရှုခင်းများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ရိုးရာဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းလုပ်ဆောင်ရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်များစွာအထောက်အပံ့ဖြစ်နေသည်။ ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းခရီးသွားများအတွက် လေ့လာစရာအကောင်းဆုံးခရီးသွားဒေသများ၊ အကြောင်းအရာများဖြစ်နေသည်။**

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၇ ရက်မှ ၂၉ ရက်အထိ မလေးရှားနိုင်ငံ မလက္ကာမြို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းညီလာခံတွင်အစီအစဉ်တစ်ခုအဖြစ်ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ယခုနှစ်ဆောင်ပုဒ်ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံတွင်းနှင့်ပြင်ပခရီးသွားလုပ်ငန်းများရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လုပ်ကိုင်ရမည့်လုပ်ငန်းစဉ်များကို အစဉ်မပြတ်ဖော်ဆောင်လုပ်ကိုင်မှုပြုကြစေရန် မီးမောင်းထိုးနှိုးဆော်တိုက်တွန်းထားသည်။

နှစ်စဉ်စက်တင်ဘာလ ၂၇ ရက်နေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ မြန်မာနိုင်ငံသည်လည်း ၂၀၁၂ ခုနှစ်မှစတင်၍ကျင်းပခဲ့ရာ ယခု ၂၀၂၅ ခုနှစ်ဆိုလျှင် (၁၄)ကြိမ်မြောက်ထိရှိလာပြီဖြစ်သည်။

ကမ္ဘာပေါ်ရှိနိုင်ငံများအနေဖြင့် နိုင်ငံတွင်းဖြစ်တည်လျက်ရှိသည့် အရင်းအမြစ်များပေါ်မူတည်အခြေပြုပြီး ခရီးသွားလုပ်ငန်းများကို ဖော်ဆောင်လုပ်ကိုင်လျက်ရှိသည်။

ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာခရီးသွားလုပ်ငန်း၊ စွန့်စားခရီးစဉ်၊ အပျော်စီးသင်္ဘောခရီးစဉ်နှင့် အခြားခရီးသွားလုပ်ငန်းအမျိုးအစားများပါဝင်သည်။ နိုင်ငံအလိုက် အပြိုင်အဆိုင်အကောင်အထည်ဖော်လျက်ရှိသဖြင့်ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်။

ခရီးသွားလုပ်ငန်းသည် လုပ်ငန်းဖော်ဆောင်သည့်ဒေသ၏စရိုက်လက္ခဏာအသွင်အပြင် (Characteristics) ကို ပြောင်းလဲပေးနိုင်သည့်စွမ်းအား(Transformational Force or Transformational Power)ရှိသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့် အလုပ်အကိုင်များပို၍ဖန်တီးပေးနိုင်ခြင်း၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာပြီး ခရီးစဉ်ဒေသ၏ လူနေမှုအဆင့်အတန်းကို ပိုမိုမြင့်မားလာစေခြင်း၊ ကျွမ်းကျင်မှုနှင့် အသိပညာဗဟုသုတအသစ်များ ထပ်မံတိုးပွားလာစေခြင်းတို့ကို မြင်တွေ့ရမည်ဖြစ်သည်။ ဒေသ၏ပင်ကိုစရိုက်လက္ခဏာများ ယုတ်လျော့လာခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းလာခြင်းနှင့်အခြားလူမှုစီးပွားရေးအပေါ် အနုတ်လက္ခဏာဆောင်သောသက်ရောက်မှုများဖြစ်သည့်ဆိုးကျိုးသက်ရောက်မှုများလည်းရှိလာမည်ဖြစ်သည်။ ထိုသက်ရောက်မှုများကိုလျော့နည်းအောင် လုပ်ဆောင်နိုင်လျှင် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုများဖော်ထုတ်ပေးရန်၊ ဆင်းရဲမှုလျှော့ချနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည်ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ အောင်မြင်မှုများလည်းရရှိနေသည်။ ကျေးလက်သဘာဝတောတောင်ရေမြေအလှအပများကိုခံစားရခြင်း၊ ဒေသခံပြည်သူများ၏ ရိုးသားပွင့်လင်းဖော်ရွေခြင်း၊ ဧည့်ဝတ်ကျေပွန်ခြင်း၊ ယဉ်ကျေးပျူငှာခြင်း၊ လှိုက်လှဲဖော်ရွေခြင်းများသည် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနေသည်။

မြန်မာနိုင်ငံသည် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသောနိုင်ငံဖြစ်သည်။ တောင်ပေါ်မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေစသည့် မတူကွဲပြားထူးခြားလှသည့် သဘာဝရှုခင်းများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များနှင့် လူနေမှုဘဝပုံစံများသည်ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းလုပ်ဆောင်ရန်နှင့်ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်များစွာအထောက်အပံ့ဖြစ်နေသည်။ ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းခရီးသွားများအတွက် လေ့လာစရာအကောင်းဆုံး ခရီးသွားဒေသများ၊ အကြောင်းအရာများဖြစ်နေသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုပ်ဆောင်ဆဲလုပ်ငန်းများမြှင့်တင်တိုးချဲ့ဆောင်ရွက်ခြင်း၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးလိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများကို အစဉ်တစိုက်လုပ်ဆောင်ပေးနေသည်။ ပြည်တွင်းပြည်ပခရီးသွားများတိုးပွားမြင့်တက်လာစေရန်သွားလာလည်ပတ်သင့်သည့်ခရီးစဉ်ဒေသများကိုထုတ်ပြန်ပေးသည်။ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းပြီး ခရီးသွားလုပ်ငန်းများကိုရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဒေသတွင်းကျင်းပသည့်ခရီးသွားလုပ်ငန်းဖိုရမ်နှင့်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းအစည်းအဝေးများတွင်တက်ရောက်ပြီး ဒေသတွင်းနိုင်ငံများနှင့်နိုင်ငံတွင်းဆောင်ရွက်မည့်ခရီးသွားလုပ်ငန်းများကိုဆွေးနွေးညှိနှိုင်းမှုများပြုလုပ်သည်။ နိုင်ငံ၏ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းလုပ်ဆောင်ပေးနေခြင်းပင်ဖြစ်သည်။ လက်ရှိအခြေအနေများအရ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကိုလည်း နည်းလမ်းအသွယ်သွယ်ဖြင့် အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်နေသည်။

ထိုသို့ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အပြင်နိုင်ငံတွင်းဒေသများတွင်လည်း ခရီးသွားလုပ်ငန်းများရေရှည်ဖွံ့ဖြိုးစေရေးအတွက် စဉ်ဆက်မပြတ်လုပ်ဆောင်ပေးနေခြင်းသည် ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်ဖြစ်သည့်“ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ်ဖော်ဆောင်စို့” "Tourism and Sustainable Transformation"ပါ ဆိုလိုရင်းအကြောင်းအရာကိုအသိအမှတ်ပြုဖော်ဆောင်ပေးနေခြင်းဖြစ်သည့်အပြင် ဆက်လက်၍လည်း ကူညီပံ့ပိုးထောက်ပံ့လုပ်ဆောင်ပေးမည့်အနေအထားဖြစ်နေသည်။

မည်သို့ပင်ဖြစ်ပါစေ နိုင်ငံအတွင်းကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ တိုးတက်လာလျှင် နိုင်ငံ၏စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း များစွာတိုးတက်လာမည်မှာ ရာနှုန်းပြည့်သေချာနေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားအေဂျင်စီများနှင့် ခရီးသွားပြည်သူများအပါအဝင် နိုင်ငံသားအားလုံးက ခရီးသွားလုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ စဉ်ဆက်မပြတ်ပူးပေါင်းအားပေးကူညီပံ့ပိုးဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ လူရည်ချွန်ဆုရကျောင်းသားနှင့် ထူးချွန်ဆုရဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာသင်ချီးမြှင့်ငွေပေးအပ်ခြင်းအခမ်းအနားကျင်းပ




နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောက ထူးချွန်ဆုရရှိသည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများဖြစ်သော ကျောင်းသား၊ ကျောင်းသူများ၊ လူရည်ချွန်ဆုရကျောင်းသားနှင့် သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများ၊ လူရည်ချွန်ဆုရကျောင်းသား၊ ကျောင်းသားမိဘများ၊ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုရရှိကြသူများသည် ကြိုးစားအားထုတ်မှု၊ ဖွဲ့လုံ့လရှိမှုနှင့် ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝမှုတို့ကြောင့် ထိုက်တန်သည့်ဆုများကို ရရှိခဲ့ကြသူများ ဖြစ်ကြောင်း၊ ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရမည့်သူများဖြစ်သည့်အတွက် အသိပညာ ဗဟုသုတမြင့်မားပြီး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးကြောင်း။

ထို့ပြင် နိုင်ငံတော်ကဖွင့်လှစ်သည့် သင်တန်းအသီးသီးတွင် တက်ရောက်ပြီး ထူးချွန်ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများကို လည်း ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ ကျန်းမာကြံ့ခိုင်၍ ထူးချွန်ထက်မြက်သည့် “လူငယ်များ၏ အား”ဖြင့် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်းထူးချွန်ထက်မြက်သည့်လူငယ်များကို အစဉ်ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ လူငယ်များအနေဖြင့် ကျောင်းပညာရေးသာမက နည်းပညာခေတ်ဖြစ်သည့်အတွက် သုတေသနအခြေပြုလေ့လာမှုများမှတစ်ဆင့် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေး အဆောက်အအုံ ဖွံ့ဖြိုးလာစေရေး ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း။

ယနေ့ခေတ်မှာ လူမှုကွန်ရက်နှင့် မီဒီယာများ အသုံးပြုမှုများပြားလာသည်နှင့်အညီ သတင်းတုသတင်းမှားများကို **အသိ၊ သတိ၊ ဉာဏ်ပညာ**ဖြင့် ဆင်ခြင်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မေးမှိန်ပျောက်ကွယ်မသွားအောင်ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း၊ အနာဂတ်ကိုဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးကို လည်း အထူးသတိပြုရှောင်ကြဉ်ကြရန်နှင့် ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း ကိုယ်လက်လှုပ်ရှားအားကစားကို လေ့လာလိုက်စားကြစေလိုကြောင်းနှင့် နောင်နှစ်များတွင်လည်း ဒီထက်မကထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများ၊ ထူးချွန်သည့် ဝန်ထမ်းကောင်းများအပြင် နိုင်ငံတော်က ကျင်းပသည့် ပြိုင်ပွဲများတွင်လည်း စိတ်ပါဝင်စားစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ထူးချွန်ဆုများရရှိအောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက(၅)ဘာသာဂုဏ်ထူးရှင်(၃)ဦးနှင့် (၄)ဘာသာဂုဏ်ထူးရှင်(၄)ဦးတို့ကိုလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက(၃)ဘာသာဂုဏ်ထူးရှင် (၆)ဦးတို့ကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ထူးချွန်ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများ၊ သုံးထပ်ကွမ်း လူရည်ချွန်ဆုရရှိခဲ့သည့် ကျောင်းသားနှင့် ထူးချွန်ဝန်ထမ်းများအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြပြီး ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ပညာသင်ချီးမြှင့်ငွေများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြရာ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးကကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဝန်ထမ်းများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# China Harbour Engineering Company Ltd. နှင့် Yunnan Baoshan Hengyi Industrial Group Co.,Ltd. တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၅

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် China Harbour Engineering Company Ltd. ဒုတိယဥက္ကဋ္ဌ Mr. Xu Huajiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Yunnan Baoshan Hengyi Industrial Group Co.,Ltd. ဥက္ကဋ္ဌ Mr. Duan Zhikui ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

China Harbour Engineering Company Ltd. ဒုတိယဥက္ကဋ္ဌနှင့်တွေ့ဆုံစဉ် မန္တလေး လျှပ်စစ်ဓာတ်အားပေး… လျှင်ဒဏ်ကြောင့်ပျက်စီးသွားသည့်အခြေခံ အဆောက်အဦများပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအစိုးရနှင့်အတူ China Harbour Engineering Company Ltd. မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

Yunnan Baoshan Hengyi Industrial Group Co.,Ltd. ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် စွမ်းအင်လုပ်ငန်း၊ နိုင်ငံတကာ ကုန်ထုတ်လုပ်မှုနှင့်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ရေရရှိရေးလုပ်ငန်း၊ ထောက်ပံ့ရေးကွင်းဆက်နှင့် e-Commerce လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်းသတင်းရရှိသည်။

မြဝတီ

## မိုးဆက်လက်ပိုမည်

နေပြည်တော် စက်တင်ဘာ ၂၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ (မိုး/ဇလ)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

**မြန်မာ - ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်သံတမန်ဆက်ဆံရေးသည်လည်း ခိုင်မြဲသောချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိ၊ အနာဂတ်ကာလများတွင်လည်း မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ဘုံအကျိုးစီးပွားများအတွက် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံပူးပေါင်း ဆောင်ရွက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ် . . .**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

**မိမိတို့နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ ကျော်ရှိပြီဖြစ်ပြီး အဆွေတော် ရုရှားနိုင်ငံသို့ရောက်ရှိခဲ့ချိန်များတွင် နှစ်နိုင်ငံအကြား သဘောတူညီချက်များစွာကိုလည်း ရေးထိုးနိုင်ခဲ့ပြီးဖြစ်၊ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား ရရှိထားသည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး အသေးစိတ်ဆွေးနွေးသွားမည်ဖြစ် . . .**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin

★ ရှေ့ဖုံးမှအဆက်

လက်ထောက်အရာရှိ ဘဏ္ဍာရေး၊ စွမ်းအင်ဝန်ကြီးဌာနတို့မှဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအားလုံးကို လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ ကျော်ရှိပြီဖြစ်ပြီး အဆွေတော် ရုရှားနိုင်ငံသို့ ရောက်ရှိခဲ့ချိန်များတွင် နှစ်နိုင်ငံအကြား သဘောတူညီချက်များစွာကိုလည်း ရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြားရရှိထားသည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး အသေးစိတ်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လုပ်ငန်းတာဝန်များ မအားလပ်သည့်ကြားမှ အဆွေတော်နှင့် ယခုကဲ့သို့ထပ်မံတွေ့ဆုံခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ မြန်မာ-



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ တွေ့ဆုံဆွေးနွေးစဉ်။

**မကြာမီကာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုကျင်းပသွားမည်ဖြစ်ပြီး ကျင်းပပြီးစီးပါက ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကိုလွှဲအပ်သွားမည်ဖြစ် . . .**

ရုရှားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်သံတမန်ဆက်ဆံရေးသည်လည်း ခိုင်မြဲသောချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွလက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတိုင်းသည် ၎င်းတို့၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးစီးပွားအပေါ် လုံခြုံရေးအရထိပါးလာခဲ့ပါက ကာကွယ်ပိုင်ခွင့်ရှိသည်ကို မိမိအနေဖြင့်လက်ခံထားပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက်ရုရှားနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း မိမိအနေဖြင့် ကြိုဆိုပါကြောင်း၊ မကြာမီကာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ကျင်းပပြီးစီးပါက ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလများတွင်လည်း မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွားများအတွက် နှစ်နိုင်ငံအကြားကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးနှင့် ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် “ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် -၂၀၂၅ (World Atomic Week Forum 2025)” တွင် မိန့်ခွန်းပြောကြားစဉ်။

၁ ကျောဖုံးမှအဆက်

အဆိုပါ **“ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅**(World Atomic Week Forum 2025)” **သို့** ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့အပါအဝင် နိုင်ငံတကာမှခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီးများနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကမ္ဘာ့ထိပ်တန်းကျွမ်းကျင်သူများ၊ ကုမ္ပဏီကြီးများမှ အကြီးအကဲများ၊ CIS၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဒေသများမှ ခေါင်းဆောင်များနှင့် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM)၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း(ROSATOM)၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev က အဖွင့်အမှာစကားပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ IAEA ၏ ညွှန်ကြားရေးမှူးချုပ်တို့အပါအဝင် တက်ရောက်လာကြသည့် နိုင်ငံတကာမှ အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီးများနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကမ္ဘာ့ထိပ်တန်းကျွမ်းကျင်သူများက မိန့်ခွန်းများအသီးသီးပြောကြားကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အဏုမြူလုပ်ငန်းများ၏ နှစ်(၈၀)ပြည့်အခမ်းအနားနှင့် ဆက်စပ်ကျင်းပသည့် ယခုအပြည်ပြည်ဆိုင်ရာဖိုရမ် ကမ္ဘာ့အဏုမြူသီတင်းပတ်သည်နျူကလီးယားစွမ်းအင်နှင့် နျူကလီးယားနည်းပညာ၏ ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၊ စိုက်ပျိုးရေး၊ ဆေးပညာနှင့် စက်မှုကဏ္ဍများအပေါ် အထောက်အကူပြုခဲ့သည့်သမိုင်းကြောင်းကိုဖော်ပြပေးသည်သာမက အနာဂတ် နျူကလီးယားလုပ်ငန်းများအတွက် ရည်မှန်းချက်ကောင်းများကို ဆွေးနွေးမျှဝေပေးနိုင်မည့် ဖိုရမ်တစ်ခုလည်းဖြစ်ကြောင်း။

ယခုဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့်“အရာရာတိုင်းသည်အက်တမ်တစ်ခုမှစတင်သည်(Everything starts with an atom.)” ဆိုသည့်အတိုင်း မိမိတို့အပါအဝင် စကြဝဠာကြီးထဲတွင်ရှိသည့်အရာဝတ္ထုများအားလုံးသည်အက်တမ်များနှင့် ဖွဲ့စည်းထားခြင်းပင်ဖြစ်ကြောင်း။

အဆွေတော်တို့ သိကြသည့်အတိုင်း အက်တမ်၏ နျူကလိယပ်စ်ထဲက ကြီးမားသည့် နျူကလီးယားအားကိုထိန်းချုပ်အသုံးချနိုင်ခဲ့ခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအပြင် ဆေးပညာ၊ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများကို များစွာဖွံ့ဖြိုးတိုးတက်စေခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည်လည်း ဆိုဗီယက်ပြည်ထောင်စုကာလ ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်မှစ၍ ကမ္ဘာ့ပထမဦးဆုံး နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးသည့် နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် လောင်စာသစ်များကိုထုတ်လုပ်ပေးနိုင်သည့် အမြန်နျူထွရွန်သုံး နျူကလီးယားဓာတ်ပေါင်းဖို (Fast Breeder Reactors) များကို အောင်မြင်စွာလည်ပတ်နိုင်သည့် တစ်ခုတည်းသော နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း။

နှစ်ပေါင်း (၈၀)ကျော် ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နျူကလီးယားကဏ္ဍကို အသိပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ငြိမ်းချမ်းသော အဏုမြူဆိုင်ရာသိပ္ပံပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီးရှူးတန်ဆောင်တစ်ခုအဖြစ် မယိမ်းယိုင်ဘဲ ခိုင်မြဲစွာ ပြောင်းလဲပေးခဲ့ကြသည့် သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများ၊ မူဝါဒရေးဆွဲသူများနှင့် ရည်မှန်းချက်ကြီးမားသူများ အားလုံးကို မိမိ၏နှလုံးသားထဲမှ လှိုက်လှဲစွာဖြင့် ချီးကျူးဂုဏ်ပြုစကားပြောကြားလိုကြောင်း။

ကမ္ဘာ့စွမ်းအင်လိုအပ်ချက်သည် နှစ်စဉ်တိုးတက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီ(IEA)၏ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်မှာ ၂၀၂၄ ခုနှစ်ထက် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ယခုလက်ရှိတွင် ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၏ ၉ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှရယူလျက်ရှိပြီး World Net-Zero Carbon Emissions အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များနှင့် နျူကလီးယားစွမ်းအင်ကို ပူးတွဲအသုံးပြုရန်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နျူကလီးယားစွမ်းအင်သည် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်ပြီး တည်ငြိမ်လျှပ်စစ်စွမ်းအားကိုလည်း ပေးစွမ်းနိုင်ကြောင်း။

ထို့အပြင် စိုက်ပျိုးရေးတွင် နျူကလီးယားနည်းပညာများသည် ပို၍ဘေးကင်းလုံခြုံပြီး ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသည့် အစားအစာထုတ်လုပ်မှုကို ပံ့ပိုးပေးပါကြောင်း၊ မျိုးဗီဇပြောင်းလဲမွေးမြူခြင်းကဲ့သို့အစီအစဉ်များသည် မိုးခေါင်ရေရှားမှု၊ ပိုးမွှားနှင့်ရောဂါများကို ခံနိုင်ရည်ရှိသည့်သီးနှံများကို ထုတ်လုပ်ပေးခဲ့ပြီး မျိုးပွားနိုင်မှုမရှိသည့် အင်းဆက်နည်းပညာသည်လည်း ပိုးသတ်ဆေးအသုံးပြုမှုကို လျှော့ချနိုင်စေခဲ့သကဲ့သို့ ဂေဟစနစ်များကို ကာကွယ်ပေးခြင်းနှင့် ရေရှည်တည်တံ့သည့် ရိတ်သိမ်းမှုများကိုဖြစ်စေကြောင်း၊ မိမိတို့ကဲ့သို့ စိုက်ပျိုးရေးနိုင်ငံများအတွက် များစွာအကျိုးဖြစ်စေကြောင်း။

ဆေးပညာပိုင်းတွင်ဆိုပါက ရေဒီယိုအိုင်ဆိုတုပ်များနှင့် နျူကလီးယားပုံရိပ်ဖော်နည်းပညာများသည် ရောဂါကိုရှာဖွေခြင်းနှင့် ကုသခြင်းနည်းလမ်းများကို ပြောင်းလဲစေခဲ့ကြောင်း၊ ကင်ဆာရောဂါများကို စောစီးစွာသိရှိနိုင်ခြင်းနှင့် ရေဒီယိုဓာတ်ရောင်ခြည်နည်းဖြင့်ကုသခြင်း (Radiotherapy)ကရရှိလာသည့် တိကျသည့် ပစ်မှတ်ထားကုသမှုတို့ကြောင့် နှစ်စဉ်နှစ်တိုင်း သန်းနှင့်ချီသည့် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပြီး မရေမတွက်နိုင်သော လူပေါင်းများစွာ၏ ဘဝများကို ပိုမိုကောင်းမွန်စေခဲ့ကြောင်း၊ နျူကလီးယားဆေးပညာသည် လူသားမျိုးနွယ်အတွက် သိပ္ပံပညာအစွမ်းဖြင့် ဝန်ဆောင်မှုပေးနိုင်ခြင်း၏ ဥပမာတစ်ရပ်ဖြစ်ကြောင်း။

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသည့် ရည်ရွယ်ချက်ဖြင့် နယ်ပယ်အသီးသီးတွင် အသုံးချပါက လူသားမျိုးနွယ်အတွက် များစွာအကျိုးပြုသလို အခြားတစ်ဖက်တွင်လည်း အားနည်းချက်များရှိကြောင်း၊ နျူကလီးယားစွမ်းအင်အသုံးပြုသည့်အခါ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို မထိခိုက်အောင် ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲရန်လိုအပ်ခြင်း၊ နျူကလီးယားဒြပ်ပစ္စည်းများမှ ဓာတ်ရောင်ခြည် ယိုစိမ့်မှုမဖြစ်အောင် ကာကွယ်ရန်လိုအပ်ခြင်းနှင့် နျူကလီးယား မတော်တဆမှုများ မဖြစ်ပွားအောင် စိတ်ချရသည့်ဘေးကင်းလုံခြုံမှုရှိအောင် စနစ်တကျကြိုတင်စီမံ

**❖ နျူကလီးယားစွမ်းအင်ဟာ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်မှ တည်ငြိမ်သောလျှပ်စစ်ဓာတ်အားကိုထုတ်ယူပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်ရည်ရွယ်ထား . . .**

**❖ မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားလိုအပ်ချက်မြင့်မားလျက်ရှိပြီး အသေးစားစက်မှုလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အားဖြည့်တင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ နျူကလီးယားနည်းပညာနှင့် ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်၊ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံရှိတက္ကသိုလ်များနှင့် မြန်မာနိုင်ငံရှိတက္ကသိုလ်များ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး စီမံလုပ်ဆောင်လျက်ရှိ . . .**

**❖ မြန်မာနိုင်ငံတွင် ကနဦးခြေလှမ်းအဖြစ် အငယ်စားနျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်နိုင်ရေးအတွက် ROSATOM နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်အခြေခံအဆောက်အဦများနှင့် အခြားသောကဏ္ဍပေါင်းစုံတိုးချဲ့ဆောင်ရွက်နိုင်ရေး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိ . . .**

ဆောင်ရွက်ရန် လိုအပ်ခြင်းတို့ရှိကြောင်း။

မြန်မာနိုင်ငံသည် နျူကလီးယားစွမ်းအင်အသုံးပြုနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်ကစ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) နှင့် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးပြီး နျူကလီးယားစွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ခဲ့ခြင်းသည် နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်စတင်ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ရန်ကုန်မြို့တွင် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့်နျူကလီးယားနယ်ပယ်တွင်အတွေ့အကြုံကြွယ်ဝပြီး ထိပ်တန်းဖြစ်သည့် ရုရှားနိုင်ငံ နျူကလီးယားစက်ရုံနှင့်နည်းပညာအပေါ် မီဒီယာမျိုးစုံနှင့် ပြည်သူလူထုပိုမိုနားလည်သဘောပေါက်စေရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တစ်ဆက်တည်း၌ပင် အမျိုးသားအဆင့် နျူကလီးယား အခြေခံအဆောက်အဦနယ်ပယ်များ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းလမ်းညွှန်ချက်များ (Terms of Reference – ToR) ကိုလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ “ROSATOM” နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး “သိပ္ပံပွဲတော် ၂၀၂၃” နှင့် “သိပ္ပံပွဲတော် ၂၀၂၄” တို့ကို နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)တို့၌ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက်မြန်မာကျောင်းသားများကို နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာနှင့် ဗဟုသုတများစွာရရှိစေခဲ့ကြောင်း။

ROSATOM မှချီးမြှင့်သည့် ပညာသင်ဆုအစီအစဉ်ဖြင့် Small Modular Reactor–SMR အတွက် လုပ်ငန်းလိုအပ်ချက်များအပါအဝင် နျူကလီးယားစွမ်းအင်နှင့် နျူကလီးယားနည်းပညာအတွက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နျူကလီးယားစွမ်းအင်အစီအစဉ်အကောင်အထည်ဖော်ဆောင်ရာတွင်လုပ်ငန်းမှတ်တိုင် ၃ ခု၊ လုပ်ငန်းအဆင့် ၃ ခုတို့ဖြင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ ROSATOM ၏ Timeline အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၅၇ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency–IAEA)၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ချိန်မှစပြီး အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (Technical Cooperation)တွင်ပါဝင်ခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီအနေဖြင့် လုပ်ငန်းရန်ပုံငွေပံ့ပိုးပေးခြင်း၊ စက်ပစ္စည်းကိရိယာများထောက်ပံ့ပေးခြင်း၊ အခြေခံအဆောက်အဦများမြှင့်တင်ပေးခြင်းတို့အပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များတွင် ပါဝင်စေခြင်း၊ နည်းပညာဆိုင်ရာသင်တန်းများပေးခြင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ ဆောင်ရွက်စေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၄ ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီက ကြီးမှူးကျင်းပသည့် နျူကလီးယားဥပဒေဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကိုတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏နျူကလီးယားဥပဒေကို ပြင်ဆင်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ROSATOM နည်းပညာအကယ်ဒမီနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီတို့ ကြီးမှူးကျင်းပသည့် နိုင်ငံခြားကျွမ်းကျင်သူများအတွက် အမျိုးသားအဆင့် နျူကလီးယားအစီအစဉ်များ အကောင်အထည်ဖော်မှုတွင် ပါဝင်သည့် အငယ်စား နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနေရာချထားခြင်းဆိုင်ရာဒေသတွင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးသင်တန်းကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် IAEA အဖွဲ့ဝင်နိုင်ငံအဖြစ် နျူကလီးယားနယ်ပယ်များ မြန်မာနိုင်ငံမှာအသုံးပြုနိုင်ရေး နှစ်ပေါင်းများစွာကတည်းက ကြိုးစားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တုံ့နှေးနေခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်ကစပြီး ရုရှားနိုင်ငံနှင့် ပူးပေါင်းကာ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ကြိုးစားခဲ့မှု၊ ရုရှားနိုင်ငံ၏ အဘက်ဘက်မှ အားဖြည့်ဆောင်ရွက်ပေးမှုတို့ကြောင့် တိုးတက်မှုများ သိသာစွာရရှိခဲ့ပြီးဖြစ်ကြောင်း။

နျူကလီးယားစွမ်းအင်ဟာ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်မှ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကိုထုတ်ယူပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားလိုအပ်ချက်မြင့်မားလျက်ရှိပြီး အသေးစားစက်မှုလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အားဖြည့်တင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နျူကလီးယားနည်းပညာနှင့် ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံရှိတက္ကသိုလ်များနှင့် မြန်မာနိုင်ငံရှိတက္ကသိုလ်များ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး စီမံလုပ်ဆောင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ကနဦးခြေလှမ်းအဖြစ် အငယ်စားနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးအတွက် ROSATOM နှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်အခြေခံအဆောက်အဦများနှင့် အခြားသောကဏ္ဍပေါင်းစုံတိုးချဲ့ဆောင်ရွက်နိုင်ရေး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အငယ်စားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့်နျူကလီးယားအခြေခံအဆောက်အဦ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် အခြားလိုအပ်သည့်လုပ်ငန်းများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ROSATOM တို့က တတ်နိုင်သမျှ မြန်မာနိုင်ငံကို ဆက်လက်ကူညီပေးပါရန် မိမိအနေဖြင့် အလေးအနက်ထားမေတ္တာရပ်ခံအပ်ပါကြောင်း။

အလားတူ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ(IAEA)ကလည်း မြန်မာနိုင်ငံ၏ နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ဆောင်ရာတွင် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီပေးရန်လည်း မိမိအနေဖြင့် အလေးအနက်ထားမေတ္တာရပ်ခံအပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ယခုအပြည်ပြည်ဆိုင်ရာဖိုရမ် ကမ္ဘာ့အဏုမြူသီတင်းပတ်ကို တက်ရောက်လာကြသည့်နိုင်ငံများနှင့်လည်း နျူကလီးယားနည်းပညာကဏ္ဍနှင့် ပတ်သက်သည့် သင့်လျော်ရာ Sector များ၌လည်း ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မိတ်ဖက်ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်လိုကြောင်းနှင့် အဏုမြူစွမ်းပကားဖြင့် ကမ္ဘာ့ပြည်သူများငြိမ်းချမ်းသာယာဖွံ့ဖြိုး၍ အကျိုးပြုပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ “ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်–၂၀၂၅ (World Atomic Week Forum 2025)”ကို ရုရှားနိုင်ငံ နျူကလီးယားကော်ပိုရေးရှင်း ROSATOM က ပြည်တွင်းနျူကလီးယားစက်မှုလုပ်ငန်း၏ နှစ် ၈၀ ပြည့်အထိမ်းအမှတ်အဖြစ် နျူကလီးယားနည်းပညာ၏ ငြိမ်းချမ်းရေးဆိုင်ရာ အသုံးဝင်မှုများကို ကမ္ဘာ့တစ်ဝှမ်းမြှင့်တင်ရန်ရည်ရွယ်၍ ယနေ့ စက်တင်ဘာလ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ဖိုရမ်၏လုပ်ငန်းအစီအစဉ်များကို နျူကလီးယားအစီအစဉ်အားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ထိပ်တန်းကျွမ်းကျင်သူများ၊ ကုမ္ပဏီကြီးများမှအကြီးအကဲများ၊ CIS၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဒေသများမှ ခေါင်းဆောင်များနှင့် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြကာ သန့်ရှင်းသောစွမ်းအင်၊ အဆင့်မြင့်ဆေးဘက်ဆိုင်ရာ၊ ကောင်းမွန်သောပတ်ဝန်းကျင်၊ စက်မှုဆန်းသစ်မှု၊ ဂေဟဗေဒ၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သိပ္ပံပညာရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာလ ၂၇ ရက်မှ ၂၈ ရက်အထိ လူငယ်အစီအစဉ်များကို ဦးစားပေးကျင်းပသွားမည်ဖြစ်ပြီး ရုရှား Knowledge အသင်းမှဦးဆောင်သည့် သိပ္ပံနှင့်ပညာပြန့်ပွားရေးရန်ပုံငွေပြိုင်ပွဲ “Knowledge. First” ကို ပြုလုပ်မည်ဖြစ်ကာ နိုင်ငံတကာဆွေးနွေးပွဲ ပလက်ဖောင်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing will pay an official working visit to Kazakhstan

NAY PYI TAW September 25

Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing who was in Moscow at the invitation of President of Russian Federation H.E. Mr. Vladimir Putin will pay an official working visit to Kazakhstan at the invitation of its President H.E. Mr. Kassym-Jomart Tokayev in the nearfuture.

During the working visit, Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing will meet officials including the President of Kazakhstan, discuss matters relating to promotion of friendship and cooperation between the two countries and visit industries and visit significant places.

**100**

# Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing holds talks with President of Russian Federation H.E. Vladimir Vladimirovich Putin

NAY PYI TAW September 25

Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing, who is on a working visit to the Russian Federation at the invitation of President H.E. Vladimir Vladimirovich Putin, held talks with President H.E. Vladimir Vladimirovich Putin at Kremlin Palace in Moscow this evening.

First, the Russian President warmly welcomed the Senior General and held discussions with him.

Also present together with the Senior General were SSPC Secretary Joint Executive Chief General Ye Win Oo, SSPC member Union Minister for Foreign Affairs U Than Swe, union ministers, U Nyan Tun, U Ko Ko Lwin, Dr Myo Thein Kyaw and Dr Thet Khaing Win, Mandalay Region Chief Minister U Myo Aung, Myanmar Ambassador to Russia U Thit Lin Ohn and officials. The Russian President was accompanied by the chief of staff of the Presidential Executive Office, the assistant to the President of Russian Federation, ministers of finance and energy, officials and heads of cabinet.



Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing holds talks with President of Russian Federation H.E. Vladimir Vladimirovich Putin.

In his talks President H.E. Vladimir Vladimirovich Putin said he warmly welcomed the Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar and delegation. The age of diplomatic relations between the two countries has exceeded 70 years, and Your Excellency had signed many bilateral agreements during the visit to Russia. Continued implementation of the agreements will be discussed in detail.

Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing expressed pleasure for the meeting with the Russian President again amidst the tight work schedule. Myanmar-Russia diplomatic relations have exceeded the age of 70 years, and the military diplomatic relations between the two is also going strong, alongside the firm and cordial bilateral cooperation. The Senior General said he has belief in the right of every country to defend itself from any threats to sovereignty and the interest and security of the citizens and welcomes Russia's efforts for sustainable peace. Soon, a free and fair multi-party democracy election will be held, and after the election, the State duties will be transferred in accord with the democratic principles. International observers will also be invited to the election. Bilateral cooperation in multiple sectors will be continued for the common interest of the peoples of both countries.

Afterwards, both sides cordially exchange views on cementing friendship between the two countries, and promotion of bilateral cooperation in multiple sectors including peaceful use of nuclear energy, investment, electricity, health, pharmaceutical manufacturing, agricultural, educational and defence sectors.

**100**

# Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing takes part in workshop on science in Moscow, Russian Federation

NAY PYI TAW September 25

A workshop entitled, Youth and Future Myanmar "Science and Technology", took place in the Conference Hall of RADISSON COLLECTION hotel in Moscow, the Russian Federation, this morning, with an address delivered by Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing.



Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing delivers an address at the Youth and Future Myanmar "Science and Technology" Workshop.

Also present at the workshop were SSPC Secretary Joint Executive Chief General Ye Win Oo, SSPC member Union Minister for Foreign Affairs U Than Swe, union ministers, U Nyan Tun, U Ko Ko Lwin, Dr Myo Thein Kyaw and Dr Thet Khaing Win, Mandalay Region Chief Minister U Myo Aung, senior military officers from the Office of the Commander-in-Chief, Myanmar Ambassador to Russia U Thit Lin Ohn, and Myanmar Military Attache (Army, Navy and Air) Brig-Gen Kyaw Soe Oo, deputy ministers, scholars pursuing education at civilian universities in Russian Federation.

The Senior General and party visited every booth of the displays on science and technological studies, opportunities and challenges to use emerging technologies in multiple sectors, with keen interest, discussed further details with display in-charges and asked for more information.

The workshop began with the address delivered by the Senior General. He said seeking answers to the challenges and requirements regarding science and technology in Myanmar, eager involvement of youths in developing science and technology, emergence of educated youths, with innovative ideas and higher thinking power, development of the science and technological sector, and youth empowerment are the goals of the workshop.

As the presentations will be based on a combination of findings of the scholars doing research at the universities in Russia and the knowledge and experience in hand, they will be beneficial for the nation and science and technological sector. Hence, participants at the workshop should exchange knowledge and views with the speakers.

The country needs a lot of experts in science and technological, energy, industrial, agricultural fields and production technology for its progress. Even though the ratio of working age people is high in the country, it still has the human resources shortages in industrial, agricultural and production enterprises.

Workshops of this kind should be held continuously for promoting the youths' ability in critical thinking, analytical skills, problem-solving skills, and collective action, as well as curiosity, innovative thinking, rational thinking, patriotism and love for the country.

The State is supporting the education sector in accord with the motto, "Let us ensure the education sector for the development of the Nation", increasing the financial allotment for it annually. The work of generating highly intelligent youths and human resources imbued with intellectual and technological knowledge and prowess, and actual progress of the abilities and power of youths as the future leaders of the State calls for strenuous efforts of the entire nation.

Currently, the majority of world nations are using data and information in multiple sectors for development. Data science research programs, information, activities on information, science and technology, and other activities that practically benefit the country must be carried out.

The fastest growing technology today is AI. AI technologies are widely used in health, education, economy and manufacturing fields in developed countries in the world. Efforts must be made to use AI in education, healthcare and transportation sectors in our country and as our country is agricultural one, measures must be taken to use AI in agriculture comprehensively.

Steps must be taken to use AI beneficially, to build a strong AI ecology and to nurture capable human resources. Through the development and utilization of AI, effective efforts must be made for development and socioeconomic progress of the country.

In connection with the nuclear energy sector, measures must be taken for development of nuclear technology and peaceful use of nuclear energy in Myanmar. As nuclear and radiation technologies can be used in health, agriculture, livestock breeding, industrial and environmental conservation sectors in addition to the energy sector, the country needs skilled human resources to establish nuclear infrastructures.

Attempts being made by us today are not ordinary works and it is important to carry out tasks with the aim of achieving a breakthrough and leaving a milestone for the country. I would like to urge all to make concerted efforts by bearing in mind that using time beneficially and enthusiasm are key to achieving goals.

Continued efforts must be made to use one's expertise to carry out research that will serve the interests of the country by studying science and technology, which are progressing time after time, without losing sight of them. I would like to urge all to make efforts to effectively use modern technologies taught here in Myanmar and to perform relayed duties to serve the interests of the country. Then, the Senior General urged all to explore science and technology challenges and needs of the country at the forum expressed his wish for them to be good citizens of future Myanmar by bearing good intentions and conviction to serve the interests of the country.

Then, representatives of trainees who were studying at civilian universities in the Russian Federation held discussions on science and technology surveys according to their academic disciplines.

In connection with their discussions, the Senior General and union ministers, who took part in the discussions, inquired about matters of interest and made suggestions.

Then, the Senior General made concluding remarks, saying investment for conducting research is very huge and requires enormous human resources that can study at universities. All students are required to be qualified ones and continued efforts must be made to nurture a large numbers of qualified students. It can be seen that trainees held discussion on their learning experience and views and it is necessary to take the realities of the country into consideration.

Everyone is required to serve the interests of the country and regions through what they have learnt not only in research but also in practical application. Universities and college in our country are required to nurture students who can work in their practical fields on completion of the courses. As there are weaknesses in the education system of the country, it must

See Page - 20►►

►► From Page - 19
be upgraded by carrying out reforms. The government held discussion with the Ministry of Education and the Ministry of Science and Technology with the aim of nurturing a large number of educated youths and has opened polytechnic universities and institutes. Similarly, in connection with agriculture and livestock breeding, agriculture and livestock breeding basic education high schools for students who have passed basic education middle schools have been opened.

Continued efforts must be made to further study and be well versed in science and technology disciplines, which are making progress time after time. Efforts must also be made to serve the interests of the country and the people through academic disciplines and knowledge one has attained. As everyone is studying advanced academic disciplines in a foreign country, it is necessary for all to make progress in individual lives and to be students who deserve scholarships provided by the government. I want all to serve the interests of the country based on good conviction and knowledge. As the future of the country must be built with educated human resources, everyone is urged to exert efforts consistently.

Then, the Senior General and delegation members cordially greeted the trainee student.

**100**

---

■■ From Page - 21
Emissions initiative, plans are being implemented to use renewable energy in combination with nuclear power. Nuclear energy is recognized as a form of green energy with low carbon emissions and the ability to provide stable electricity supply.

In addition, nuclear technologies in agriculture help support safer food production that is more resilient to climate change impacts. Programs such as genetic crop mutation breeding have produced crops that are resistant to drought, pests, and diseases. Likewise, sterile insect techniques have reduced the need for pesticides, helped protect ecosystems, and contributed to sustainable long-term harvests. For agriculture-based countries like ours, these advancements provide significant benefits.

In the field of medicine, radioisotopes and nuclear imaging technologies have transformed methods of disease detection and treatment. Early diagnosis of cancers, along with targeted therapies through radiotherapy, have saved millions of lives each year and greatly improved the quality of life for countless people. Nuclear medicine thus stands as a prime example of how the power of science can serve humanity.

While the peaceful use of nuclear energy across various sectors brings great benefits to humankind, there are also challenges. It is essential to properly manage radioactive waste to avoid harming natural ecosystems, to prevent radiation leaks from nuclear materials, and to ensure reliable safety systems that can avert nuclear accidents.

Myanmar, in its efforts to utilize nuclear energy, has since 2022 signed memorandums of understanding on cooperation with the Russian Federation and the State Atomic Energy Corporation (ROSATOM). This marked the beginning of laying the foundation for the country's nuclear energy development.

In February 2023, a Nuclear Technology Information Centre was opened in Yangon. Through this initiative, greater public and media awareness and understanding of Russia's extensive experience and advanced expertise in nuclear industries and technologies has been promoted.

In addition, Terms of Reference (ToR) for cooperation in developing national-level nuclear infrastructure were signed between the Russian Federation and Myanmar's Ministry of Science and Technology. Furthermore, in collaboration with the Russian Federation and ROSATOM, the Ministry of Science and Technology organized Science Fair 2023 and Science Fair 2024 at the Nuclear Technology Information Center and Yangon Technological University (YTU). These events provided Myanmar students with extensive knowledge and understanding of nuclear technology.

Through the scholarship program offered by ROSATOM, collaboration is underway for the continuous development of human resources required for nuclear energy and nuclear technology, including the work requirements for Small Modular Reactors (SMRs).

In implementing its nuclear energy program, the Republic of the Union of Myanmar is working according to ROSATOM's timeline, in line with the guidelines of the International Atomic Energy Agency (IAEA), with three milestones and three phases. Myanmar has been a member state of the IAEA since 1957 and has participated in its Technical Cooperation programs. The IAEA has provided project funding, supplied equipment, improved infrastructure, and collaborated by including Myanmar in technical cooperation programs for human resource development, providing technical training, and implementing technical cooperation projects.

In 2024, Myanmar attended a nuclear law workshop convened by the IAEA and is currently revising and drafting Myanmar's nuclear law for implementation.

In 2025, representatives from 18 countries, including Myanmar, attended a regional cooperation training on the placement of small nuclear power plants, which is part of the implementation of national-level nuclear programs. The training was led by the ROSATOM Technical Academy and the IAEA for foreign experts. Although Myanmar, as an IAEA member state, has been striving for many years to utilize nuclear technology in various fields within the country, progress had been slow for various reasons. However, since starting collaboration with Russia in 2022, significant progress has been made due to the accelerated efforts and Russia's multi-faceted support.

As nuclear energy is a green energy source with low carbon emissions, Myanmar aims to obtain stable electricity from nuclear power to develop the national economy.

Myanmar has high electricity demands and is striving to supply power for small-scale industries and rural populations. Furthermore, efforts will be made to further develop the health, agriculture, and industrial sectors using nuclear technology. To ensure the continuous development of human resources, Memoranda of Understanding have been signed for educational cooperation between universities in Russia and Myanmar, and plans are being implemented.

As an initial step, Myanmar is closely collaborating with ROSATOM to build a small nuclear power plant in the country and expresses its desire to cooperate with the Russian Federation to expand the necessary infrastructure and other various sectors.

I earnestly request that the Russian Federation and ROSATOM continue to assist Myanmar to the best of their ability in establishing the necessary nuclear infrastructure, human resources, and other required tasks for building a small nuclear power plant in Myanmar.

Similarly, I also earnestly request that the International Atomic Energy Agency (IAEA) continue to assist in human resource development for Myanmar's implementation of nuclear energy.

The Republic of the Union of Myanmar also wishes to cooperate with the countries attending this international forum, the World Atomic Week, in appropriate sectors related to nuclear technology. I invite you to enhance partnerships and cooperation with the Republic of the Union of Myanmar and offer my best wishes for nuclear energy to contribute to the peaceful, prosperous, and developed world for all people.

The "World Atomic Week Forum 2025" is being organized by Rosatom to mark the 80th Anniversary of Russia's domestic nuclear industry. Aimed at promoting the peaceful applications of nuclear technology worldwide, the forum will be held from today, September 25 to September 28. The forum's agenda will be attended by leaders from countries implementing nuclear programs, top global experts, heads of major companies, leaders from CIS, Asia, Africa, and Latin America, and representatives from 105 countries. Discussions will cover clean energy, advanced medicine, a healthy environment, industrial innovation, ecology, digital technology, logistics, and scientific educational topics. From September 27 to 28, youth programs will be prioritized, and the "Knowledge. First" competition, a science and education dissemination fund competition led by the Russian Knowledge Society, will be held, functioning as an international discussion platform.

**100**

---

# Kangyidaunt Township ships many bags of Aungnaingtoe paddy to Yangon market

KANGYIDAUNT September 25

"Local businesspersons from Kangyidaunt Township of Ayeyawady Region sold a large number of bags of Aungnaingtoe paddy to Yangon market," said Daw Thiri, the owner of rice and paddy trading depot in Kangyidaunt Township.

Kangyidaunt Township ships around 75,000 baskets of Aungnaingtoe variety paddy to the Yangon market. It is reported that this variety of paddy is currently fetching up to Ks-1.55 million per 100 baskets.

"In the past month, a large quantity of Aungnaingtoe paddy variety was exported and sold. Most of the farm produce from this side is mainly supplied to the Yangon market. Although Aungnaingtoe is classified under the coarse rice group, it is a type that many people like because it tastes good. There is also high demand from buyers in the Yangon market this month," said Daw Thiri.

With 75,000 baskets of Aungnaingtoe paddy strain being sent to the Yangon market last month from Kangyidaunt Township, it is learned that farmers, traders, cargo workers, and vehicle rental operators are all gaining employment opportunities.

**SMK**

# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing attends the plenary summit of the World Atomic Week Forum 2025 in Moscow of the Russian Federation




Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing participates in the Plenary Summit of the World Atomic Week Forum 2025 in Moscow of the Russian Federation.

NAY PYI TAW September 25

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing participated in the Plenary Summit of the World Atomic Week Forum 2025 with the title of "From a New Technological Rollout to a New Worldview" at the Atom Museum in Moscow of the Russian Federation today.

The **"World Atomic Week Forum 2025"** was attended by international leaders including the President of the Russian Federation, the high-level Myanmar delegation led by the Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, the Prime Minister of Armenia, and the President of Belarus, as well as senior government officials and heads of nuclear energy organizations, world-class experts, executives of major companies, leaders from the CIS, Asia, Africa, and Latin America, and delegates from 105 countries.

First, the Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, together with international leaders, senior government officials, and other attendees, were welcomed by Mr. Alexey Likhachev, Director General of the ROSATOM of the Russian Federation, and responsible officials.

At the ceremony, Mr. Alexey Likhachev, Director General of the ROSATOM made an opening speech whereas the President of the Russian Federation delivered an opening address.

After that, speeches were delivered by the President of Belarus, the Prime Minister of Armenia, the Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, the Prime Minister of the Federal Democratic Republic of Ethiopia, and the Director General of the IAEA, as well as senior government officials from various countries, heads of nuclear energy organizations, and world-class experts in attendance.

In his speech, the Senior General said that that this international forum, the World Atomic Week, held in connection with the 80th Anniversary of Russia's nuclear industry, not only highlights the history of how nuclear energy and nuclear technology have contributed to meeting global energy needs and supporting agriculture, medicine, and industry, but also serves as a platform to share and discuss positive goals for the future of the nuclear sector.

He added that, in line with the forum's motto, "Everything starts with an atom," all matter in the vast universe, including ourselves, is composed of atoms.

As you all know, the ability to harness and control the immense nuclear power within the atom's nucleus has not only enabled the generation of electricity but has also greatly advanced medicine, agriculture, and industry. The Russian Federation, beginning on 26 June 1954 during the Soviet era, was the first country in the world to produce and distribute electricity from nuclear energy. At present, Russia is also the only nation that can successfully operate fast breeder reactors capable of generating new fuel.

Over the past 80 years, the nuclear sector of the Russian Federation has been steadfastly transformed into a strong pillar of knowledge, innovation, and peaceful nuclear science development. I wish to extend my heartfelt praise and tribute to all the scientists, engineers, policymakers, and visionaries who have contributed to this remarkable achievement.

Global energy demand is increasing annually, and according to the report of the International Energy Agency (IEA), by 2025 it is projected to rise by 2.2 percent compared to 2024. At present, about 9 percent of global energy needs are being met by nuclear power. Under the World Net-Zero Carbon

**See Page - 20**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံရှေ့နေချုပ်များညီလာခံသို့ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၅**

(၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ရှေ့နေချုပ်များညီလာခံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၌ စက်တင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပရာ အဆိုပါညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ် H.E. Mr. Ying Yong နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ် H.E.Mr.Paul T K Lam တို့၏ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အဆိုပါညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ်၊ အာဆီယံ(၁၀)နိုင်ငံမှ ရှေ့နေချုပ်များ၊ တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ်နှင့် မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ်တို့ တက်ရောက်ကြသည်။

(၁၅)ကြိမ်မြောက် တရုတ်-အာဆီယံ ရှေ့နေချုပ်များညီလာခံကို **"နည်းပညာခေတ်တွင် ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ခြင်းနှင့် ပိုင်ဆိုင်မှုပစ္စည်းများကို ပြန်လည်ရယူခြင်း"** ခေါင်းစဉ်ဖြင့်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက တရုတ်-အာဆီယံ ရှေ့နေချုပ်များညီလာခံသည် ၂၀၀၄ ခုနှစ်တွင်စတင်ခဲ့ပြီး နှစ်ပေါင်း(၂၀)ရှိပြီဖြစ်ကြောင်း၊ ဤညီလာခံသည် နိုင်ငံတကာဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် နိုင်ငံဖြတ်ကျော်ပြီး ကျူးလွန်သောပြစ်မှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းရန်အတွက် အရေးပါသော ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ ညီလာခံခေါင်းစဉ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင်သာမက တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများလိုအပ်ပါကြောင်း၊ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို အတည်ပြုချမှတ်နိုင်ခြင်းသည် အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရန် ပြီးပြည့်စုံသော ချဉ်းကပ်မှုတစ်ခုဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သော ငွေကြေးခဝါချမှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အား တိုက်ဖျက်နိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈)ကိုချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့် ဆက်နွယ်သည့်သတင်းအချက်အလက်များကို စုံစမ်းထောက်လှမ်းရန် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်၌ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit-FIU)ကိုလည်း ဖွဲ့စည်းထားရှိပါကြောင်း။

မြန်မာနိုင်ငံသည် အထူးသဖြင့် တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ နိုင်ငံဖြတ်ကျော် ငွေကြေးဆိုင်ရာပြစ်မှုများအွန်လိုင်းအသုံးပြု လိမ်လည်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် တရုတ်၊ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှုများနှင့် တယ်လီကွန်းလိမ်လည်မှုများကဲ့သို့သော နယ်စပ်ဖြတ်ကျော် ငွေကြေးဆိုင်ရာ ရာဇဝတ်မှုခင်းများကိုလည်းကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံ တရားခံလွှဲပြောင်းရေးစာချုပ် (AET)နှင့် အာဆီယံရာဇဝတ်မှု တရားစီရင်ရေးနှင့်ရာဇဝတ်မှုများတိုက်ဖျက်ရေးဆိုင်ရာညီလာခံ(ACCPCJ)တို့ကဲ့သို့သော ASLOM ၏ပဏာမခြေလှမ်းများကို အကောင်အထည်ဖော်ရာတွင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ညီလာခံသို့ တက်ရောက်လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ်၊ အာဆီယံ (၁၀)နိုင်ငံမှရှေ့နေချုပ်များ၊ တရုတ်နိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ ရှေ့နေချုပ်နှင့် မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှေ့နေချုပ်တို့က (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ရှေ့နေချုပ်များညီလာခံ၏ ပူးတွဲကြေညာချက် (JOINT DECLARATION OF THE 15th CHINA-ASEAN PROSECUTORS-GENERAL CONFERENCE)ကို လက်မှတ်ရေးထိုးကြသည်။

ညီလာခံကျင်းပစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနတို့အကြားကျင်းပသည့် နှစ်နိုင်ငံအစည်းအဝေး၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ် H.E. Mr. Ying Yong နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံရှေ့နေချုပ်များညီလာခံ၏ ပူးတွဲကြေညာချက်အား လက်မှတ်ရေးထိုးခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့တွင် နည်းပညာအသုံးပြုမှုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိစေနိုင်ခြင်း၊ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများရှိ ရှေ့နေချုပ်ရုံးများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ခြင်း၊ တရုတ်နိုင်ငံနှင့်လည်း ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုမြှင့်တင်နိုင်မည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သောအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၅**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရောဝတီတိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်း၊ ကော်မတီဝင်များနှင့် ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း မှန်ကန်စွာပြုစုနိုင်ရေးအတွက် အတည်ပြုလူဦးရေစာရင်း တိကျမှန်ကန်ရေး ဆောင်ရွက်နေမှုနှင့် ဆက်စပ်ဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲမကျင်းပမီ ကြားကာလအတွင်း လူဦးရေပြောင်းလဲမှုဖြစ်စဉ်များအပေါ် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ရောဝတီတိုင်းဒေသကြီး၏ အတည်ပြုလူဦးရေစာရင်း၊ ပါတီအသီးသီးမှရွေးကောက်ပွဲဝင်ကြမည့် ကိုယ်စားလှယ်လောင်းများ စိစစ်ပြန်ကြားနိုင်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း မဲစာရင်းတွင်ပါရှိရေး၊ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင် မဲပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့်ဆက်စပ်ဌာနများ ပေါင်းစပ်ဆောင်ရွက်ပေးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင်ပါရှိရေးနှင့် မဲပေးပိုင်ခွင့်မရှိသူများ မဲစာရင်းတွင်မပါဝင်ရေးအတွက် စနစ်တကျစိစစ်ဆောင်ရွက်နေမှု၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက မဲစာရင်းမှန်ကန်ရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှု၊ ရောဝတီတိုင်းဒေသကြီးအတွင်း မဲစာရင်းမှန်ကန်ရေးအတွက် လက်ရှိစိစစ်ဆောင်ရွက်နေမှုနှင့် ကိုယ်စားလှယ်လောင်းများ၏အချက်အလက်များ စိစစ်ဆောင်ရွက်နေမှု၊ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၁˚c |
| ရန်ကုန် | ၂၄˚c | / | ၃၁˚c |
| မန္တလေး | ၂၄˚c | / | ၃၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၂၅-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ကမ္ဘာကြီးက နည်းပညာခေတ်သစ်ထဲ ဝင်ရောက်လာနေပြီဟု ရုရှားသမ္မတက မှတ်ချက်ပြုပြော

**မော်စကို၊ ပြည်တွင်းရေး**

ယနေ့ကမ္ဘာကြီးသည် နည်းပညာခေတ်သစ်ထဲသို့ ဝင်ရောက်လာနေပြီဖြစ်သည်ဟု ရုရှားသမ္မတဗလာဒီမာပူတင်က မော်စကိုမြို့၌ စက်တင်ဘာလ ၂၅ ရက်တွင် ကျင်းပသော ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်၌ မိန့်ခွန်းပြောစဉ် မှတ်ချက်ပြုပြောသည်။

ထို့ပြင် ရုရှားနိုင်ငံသည် နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းကြီးတစ်ခုလုံးတွင် ကျွမ်းကျင်မှုရှိပြီးဖြစ်ကြောင်း၊ ကမ္ဘာ့တောင်ခြမ်းနှင့်အရှေ့ပိုင်းနိုင်ငံများသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးတောင်းဆိုမှု မြင့်မားလာနေကြောင်း ပူတင်ကအလေးပေးပြောသည်။

ထို့အတူ ရုရှားနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် အလုံပိတ်လောင်စာလည်ပတ်မှုစနစ်အသုံးပြုသည့် ကမ္ဘာ့ပထမဆုံးနျူကလီးယားစွမ်းအင်စနစ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နျူကလီးယားမပြန့်ပွားရေးမူဝါဒ ခိုင်မာလာစေရေးတို့ကြား ဟန်ချက်ညီရန်လည်းအလွန်အရေးကြီးကြောင်း ပူတင်ကမိန့်ခွန်းပြောရာတွင် ထည့်သွင်းပြောထားကြောင်းသိရသည်။

**Ref: Sputnik**

# အိန္ဒိယက ရထားအခြေပြုဒုံးပစ်လောင်ချာမှနေ၍ Agni Prime ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်





**နယူးဒေလီ၊ စစ်ရေး**

အိန္ဒိယတပ်မတော်က ရထားအခြေပြုဒုံးပစ်လောင်ချာမှနေ၍ တာလတ်ပစ်အမျိုးအစားဖြစ်သည့် Agni Prime ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်နိုင်ကြောင်းသိရသည်။

အဆိုပါစမ်းသပ်ပစ်လွှတ်မှုကို စက်တင်ဘာလ ၂၅ ရက်တွင် လုပ်ဆောင်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဒုံးကျည်အမျိုးအစားကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခြင်းသည် နိုင်ငံအတွက် ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းတင်လိုက်နိုင်ခြင်းဖြစ်သည်။

"အခုလိုမျိုးဒုံးကျည်ကို ရထားအခြေပြုဒုံးပစ်လောင်ချာကနေ ပစ်လွှတ်နိုင်ခြင်းကတကယ့်ကို ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒါဟာ အိန္ဒိယနိုင်ငံရဲ့တိုးတက်လာတဲ့ မဟာဗျူဟာမြောက်ဟန့်တားနိုင်စွမ်းကို ဖော်ညွှန်းပြသနေတာဖြစ်ပါတယ်" ဟု အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာဂျနာဆင်းကပြောသည်။

ထို့ပြင် ယခုကဲ့သို့ဒုံးပစ်လောင်ချာဖြင့် တာလတ်ပစ်ဒုံးကျည်ကိုပစ်လွှတ်နိုင်ခြင်းသည် ရထားအခြေပြုရွေ့လျားလောင်ချာအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မီးရထားလမ်းများသို့ ကြိုက်သလိုသွားလာပြီး အချိန်တိုအတွင်း လူမသိသူမသိပစ်ခတ်နိုင်စွမ်းကို အိန္ဒိယတပ်မတော်က ပိုင်ဆိုင်လိုက်ပြီဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ယခုစမ်းသပ်ပစ်လွှတ်လိုက်သည့် Agni Prime ဒုံးကျည်သည် မျိုးဆက်သစ်အမြင့်ပျံဒုံးကျည်အမျိုးအစားဖြစ်ပြီး ကီလိုမီတာ ၂၀၀၀ အကွာအဝေးရှိ ပစ်မှတ်များကို ပစ်ခတ်နိုင်စွမ်းရှိသည်။ ယင်းဒုံးကျည်အမျိုးအစားကို အိုဒစ်ရှာပြည်နယ် ချန်ဒီပူရ၌ ဩဂုတ်လတွင် အောင်မြင်စွာစမ်းသပ်နိုင်ပြီးနောက်ထိုဒုံးကျည်ကိုပင်ရထားအခြေပြုဒုံးပစ်လောင်ချာမှ စမ်းသပ်ပစ်လွှတ်မှုလုပ်ဆောင်ခြင်းဖြစ်သည်။ ယခုပစ်လွှတ်မှုကို ကာကွယ်ရေးသုတေသနဌာန၊ မဟာဗျူဟာမြောက်တပ်ဖွဲ့များကွပ်ကဲမှုဌာနချုပ်တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်ဟုသိရသည်။

**Ref: ToI**

# ဂါဇာထောက်ပံ့ရေး ရေယာဉ်စုများကို ကာကွယ်ရန် အီတလီနှင့်စပိန်က စစ်သင်္ဘောများစေလွှတ်

**ရောမ၊ စစ်ရေး**

ဂါဇာဒေသသို့ပေးပို့နေသည့်နိုင်ငံတကာမှ ကူညီထောက်ပံ့ရေးပစ္စည်းများတင်လာသော ရေယာဉ်စုများကိုကာကွယ်နိုင်ရေးအတွက် အီတလီနှင့်စပိန်နိုင်ငံတို့က စစ်ရေယာဉ်များကို စေလွှတ်လိုက်ကြောင်းသိရသည်။

ရှေ့နေများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ကြွလှုပ်ရှားသူများပါလိုက်ပါလာသော ထောက်ပံ့ရေးရေယာဉ်အစင်း ၅၀ ခန့်သည် အစ္စရေးကပိတ်ဆို့ထားသော ရေလမ်းကြောင်းသို့ချဉ်းကပ်လာနေစဉ် အီတလီနှင့်စပိန်တို့က စစ်ရေယာဉ်များကိုစေလွှတ်ခြင်းဖြစ်သည်။

အီတလီနိုင်ငံအနေဖြင့် ဖရီးဂိတ်စစ်ရေယာဉ်တစ်စင်းကို စက်တင်ဘာလ ၂၄ ရက်တွင်လည်းကောင်း၊ စပိန်နိုင်ငံက စစ်ရေယာဉ်တစ်စင်းကို စက်တင်ဘာလ ၂၅ ရက်တွင်လည်းကောင်း စေလွှတ်လိုက်ခြင်းဖြစ်ပြီး ယင်းသို့စေလွှတ်ခြင်းသည် စစ်မက်ပြုရန်လုပ်ဆောင်မှုမဟုတ်ဘဲ လူ့အသက်များကိုကယ်တင်ရန်သာဖြစ်သည်ဟု တာဝန်ရှိသူများကပြောထားသည်။ အစ္စရေးတို့ပိတ်ဆို့ထားသော ရေလမ်းကြောင်းကို ဖြတ်သန်းရန် ယခင်ကြိုးပမ်းမှုများတွင် လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**Ref: AGC**

# တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံမှု ၁၃ နှစ်အတွင်းအမြင့်ဆုံးဖြစ်

**ဆိုး၊ ပြည်တွင်းရေး**

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံမှုသည် ၁၃ နှစ်အတွင်း အမြင့်ဆုံးဖြစ်လာကြောင်း၊ အသက် ၄၀ နှင့်အောက်ရှိသူများသေဆုံးရသည့်အကြောင်းရင်းတွင် ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံခြင်းက အများဆုံးဖြစ်လာကြောင်း တောင်ကိုရီးယားစာရင်းအင်းရုံးက စက်တင်ဘာလ ၂၅ ရက်တွင်ထုတ်ပြန်သည်။



ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံ၌ သေဆုံးသူအရေအတွက်မှာ ၃၅၈၅၆၉ ဦးရှိကြောင်း၊ ထိုပမာဏသည် ၂၀၂၃ ခုနှစ်ကထက် ၁ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း စာရင်းအင်းရုံး၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ယင်းပမာဏသည် တောင်ကိုရီးယားပြည်သူတစ်သိန်းလျှင် အယောက် ၇၀၀ ကျော်သေဆုံးသည်နှင့်ညီမျှကြောင်း စာရင်းအင်းရုံးကပြောသည်။

သေဆုံးရသည့်အကြောင်းရင်းများတွင် ကင်ဆာရောဂါက ၂၄ ဒသမ ၈ ရာခိုင်နှုန်း၊ နှလုံးရောဂါက ၉ ဒသမ ၄ ရာခိုင်နှုန်း၊ နမိုးနီးယားရောဂါက ၈ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံခြင်းသည် ၄ ဒသမ ၁ ရာခိုင်နှုန်းရှိလာပြီး ပဉ္စမမြောက်လူသေဆုံးမှုအများဆုံးအကြောင်းရင်းတစ်ခုဖြစ်လာကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံခြင်းကြောင့် သေဆုံးရသူအရေအတွက်သည် ၁၄၈၇၂ ဦးရှိပြီး ၂၀၂၃ ခုနှစ်ကထက် ၆ ဒသမ ၃ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း၊ လူတစ်သိန်းလျှင် လူ ၂၉ ဦးကသေကြောင်းကြံနေကြောင်း၊ ထိုပမာဏသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံမှု အမြင့်ဆုံးပမာဏဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကို တွေ့ရသည်။

**Ref: YH**

# အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ပြည်တွင်းဖြစ်တိုက်လေယာဉ် ၉၇ စင်းဝယ်ယူ



**နယူးဒေလီ၊ ပြည်တွင်းရေး**

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းဖြစ်တိုက်လေယာဉ် ၉၇ စင်းကို ဝယ်ယူမှုအတွက် သဘောတူစာချုပ်တစ်ခုကို စက်တင်ဘာလ ၂၅ ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြောင်းသိရသည်။

ကာကွယ်ရေးဝန်ကြီးဌာနက နိုင်ငံပိုင် Hindustan Aeronautics Limited (HAL) မှ အပေါ့စားတိုက်လေယာဉ် ၉၇ စင်းကို အိန္ဒိယလေတပ်အတွက် ဝယ်ယူခြင်းဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။

အဆိုပါတိုက်လေယာဉ်များတွင် ထိုင်ခုံနှစ်လုံးတပ်လေယာဉ် ၂၉ စင်းပါဝင်ကြောင်းနှင့် ထိုသဘောတူစာချုပ်အတွက် ကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ ၇ ဘီလီယံရှိကြောင်း တာဝန်ရှိသူများ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ယင်းတိုက်လေယာဉ်များကို ၂၀၂၇-၂၀၂၈ ခုနှစ်အတွင်း စတင်ပေးပို့သွားမည်ဖြစ်ပြီး ခြောက်နှစ်အတွင်း အပြီးပေးပို့သွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref: Xinhua**

# လင်းခေးခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၂၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးသည် ရှမ်းပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက လင်းခေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌လင်းခေးခရိုင်၊ လင်းခေးမြို့နယ်နှင့် မောက်မယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာကြီးကြပ်မှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လင်းခေးခရိုင်အတွင်းလွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်ရမည့်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး လင်းခေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ဆောင်ရွက်ထားရှိမှုများကို တင်ပြရာ တက်ရောက်လာသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် မိုင်းပန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မိုင်းပန်မြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။

ထို့နောက်ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့က လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ထားရှိမှုများကိုတင်ပြကြရာ တက်ရောက်လာသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က မိုင်းပန်မြို့နယ်အပါအဝင် လင်းခေးခရိုင်အတွင်းရှိမြို့နယ်အားလုံး အပိုင်းလိုက်ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဟန်ချက်ညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# တရားမဝင်စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



လိုင်စင်မဲ့ မော်တော်ယာဉ် (Honda Freed GP3 Mini Van)

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။



လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်

မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၁ ရက်နှင့် ၁၈ ရက်**တို့တွင် မိုးကောင်းမြို့နယ်နှင့် တနိုင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၁၁ ရက်၊ ၁၂ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်**တို့တွင် မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် မန္တလေး-မြစ်ကြီးနားသွား ပြည်ထောင်စုလမ်းမကြီးအနီး၌ တရားမဝင်စက်သုံးဆီဓာတ်ဆီ(၁၀၄)ဂါလန်၊ ဒီဇယ်ဆီ(၇၇)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၈၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၁၉ ရက်**တွင် မြစ်ကြီးနားမြို့၊ ပြည်ထောင်စုကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် လေအိုးအပါအဝင်ဆက်စပ်ပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၁၃၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၂ ရက်**တွင် ရွှေဘိုမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၅)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၁ ရက်**တွင် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၈၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Dyna Light Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကိုအကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စက်တင်ဘာလ ၂၂ ရက်နေ့**တွင် မဟာအောင်မြေမြို့နယ်၊ ဂေါဝိန်ဆိပ်ကမ်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၁၅၀) ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၅၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၇၃၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၆ ရက်**တွင် သထုံမြို့နယ်၊ ကြာပန်းကျေးရွာတိုးဂိတ်အနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၉၁)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၀၅၀၀) နှင့် **စက်တင်ဘာလ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်နေ့**တို့တွင် မော်လမြိုင်မြို့နယ်အတွင်း၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅၆)မျိုး၊ လူသုံးကုန်ပစ္စည်း (၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၅၂၄၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး၊ Isuzu TFR Pick Up (၁)စီး၊ Nissan Condor Truck (၁)စီး၊ Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စက်တင်ဘာလ ၁၈ ရက်နှင့် ၁၉ ရက်**တို့တွင် မော်လမြိုင်ခရိုင်၊ သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၄)စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၆)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၂၃ ရက်**တွင် ဘီးလင်းမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၄၇၈၅၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၀ ရက်**တွင် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၂၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Rosa (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၄၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၂ ရက်**တွင် မြောင်းမြမြို့နယ်၊ (၄)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၁ ရက်**တွင် ဇာသပြင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၆)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၅၅၁၆၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Golden Lion Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၂၃ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၇၀၂၅၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၄၂၅၄၁၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၆ ရက်မှ ၂၃ ရက်**ထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၆၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၇၁၀၉၉၁၀)** ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့်၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ

# ခရမ်းမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂၅


ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အုတ်တွင်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိအသောကာရာမအုဋ္ဌဖိုလ်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂ ပါးနှင့် ဒေသခံပြည်သူ ၁၂၃ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်

နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့ည ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း(အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်တောင်ပိုင်းကမ်းလွန်-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ)တို့တွင် စက်တင်ဘာလ ၂၆ ရက်တွင်မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ စက်တင်ဘာလ ၂၇ ရက်တွင် ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)




# ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပုဂ္ဂလိကကျောင်းများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၅

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့နှင့်ပုဂ္ဂလိကကျောင်းများလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပုဂ္ဂလိကကျောင်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနကထုတ်ပြန်သည့် ပုဂ္ဂလိကကျောင်းဆိုင်ရာအမိန့်များ၊ ညွှန်ကြားချက်များ၊ အသစ်ထုတ်ပြန်သည့်စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်သဘောပေါက်စေရန်ရည်ရွယ်ကြောင်း၊ ချမှတ်ထားသည့်မူဝါဒများကို သိရှိနားလည်ပြီး ပုဂ္ဂလိကကျောင်းအားလုံးက တစ်သမတ်တည်း တစ်ပြေးညီလိုက်နာဆောင်ရွက်ရန်နှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကျောင်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ခြင်းကိစ္စဆောင်ရွက်ရာတွင် အမျိုးသားသင်ရိုးညွှန်းတမ်းသင်ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတကာသင်ရိုးသင် ပုဂ္ဂလိကကျောင်းများ၊ ကောလိပ်များမှတ်ပုံတင်ခြင်းကို ယာယီနှစ်နှစ်ခွင့်ပြုပေးထားကြောင်း၊ လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မှတ်ပုံတင်အသစ်လျှောက်ထားရာတွင် ကိုယ်ပိုင်ကျောင်းများအနေဖြင့် သတ်မှတ်ထားသည့်စံနှုန်းများနှင့်ပြည့်မီရန် ဆောင်ရွက်ထားကြစေလိုကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကကဏ္ဍ၏အကြံပြုချက်များနှင့်အတူ ပေါင်းစပ်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးနေမျိုးလှိုင်နှင့် တွဲဖက်အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက်အစည်းအဝေးတက်ရောက်လာကြသည့် ပုဂ္ဂလိကကျောင်းကိုယ်စားလှယ်များက သိရှိလိုသည်များကိုဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့နှင့်ပုဂ္ဂလိကကျောင်းများလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၂၄ ရက်နှင့် ၂၅ရက်တို့တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

မြဝတီ

# ရေဝတီတိုင်းဒေသကြီးရှိ ပင်လယ်ကမ်းခြေ၌ သီတင်းကျွတ်ပိတ်ရက် အပန်းဖြေအနားယူရန် ဟိုတယ်များ၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်း/ပြည်ပ ခရီးသွားများ ကြိုတင်မှာကြားထား



နေပြည်တော် စက်တင်ဘာ ၂၅

လာမည့် သီတင်းကျွတ်ကာလအတွက် ရေဝတီတိုင်းဒေသကြီးရှိ ချောင်းသာ၊ ငွေဆောင်၊ ရွှေသောင်ယံနှင့် ဂေါ်ရန်ဂျီကျွန်းစသည့် ပင်လယ်ကမ်းခြေများရှိ ဟိုတယ်များ၏ ၈၀ ရာခိုင်နှုန်းကို အပန်းဖြေအနားယူလာရောက်ရန် ပြည်တွင်း/ပြည်ပ ခရီးသွားများက ကြိုတင်မှာကြားထားပြီးဖြစ်ကြောင်း ရေဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

အဆိုပါ ပင်လယ်ကမ်းခြေတို့သို့ ၂၀၂၃ နှင့် ၂၀၂၄ ခုနှစ်တို့က တစ်နှစ်လျှင် ခရီးသွား ငါးသိန်းကျော်ဝင်ရောက်ခဲ့၍ ယခုနှစ် ဩဂုတ်လအထိ ခရီးသွား ၁၅၉၂၁၃ ဦး ဝင်ရောက်မှုရှိကြောင်းသိရပြီး ယခုသီတင်းကျွတ်ကာလမှစကာ ခရီးသွားများပိုမိုဝင်ရောက်လာမည်ဟု ဒေသခံဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများက မျှော်မှန်းထားသည်။

“လာမယ့် သီတင်းကျွတ်လပြည့်ကာလမှာ ရေဝတီတိုင်းဒေသကြီးက ပင်လယ်ကမ်းခြေတွေကို ခရီးသွားတွေဝင်ရောက်လာဖို့ရှိပါတယ်။ ပင်လယ်ကမ်းခြေ နေရာလေးခုက တည်းခိုခန်းတွေရဲ့ ၈၀ ရာခိုင်နှုန်း ကြိုတင်မှာကြားမှုရရှိထားပြီးပါပြီ။ ငွေဆောင်မှာ ဟိုတယ်၊ တည်းခိုခန်းနဲ့ တည်းခိုရိပ်သာ ၃၈ လုံး၊ ချောင်းသာနဲ့ ရွှေသောင်ယံမှာ ၃၈ လုံးနဲ့ ဂေါ်ရန်ဂျီကျွန်း အပါအဝင် အခန်းပေါင်း ၄၉၁၉၇ ခန်း ဖွင့်လှစ်ထားပါတယ်။ ခရီးသွားလုပ်ငန်းဆိုတာ အားလုံးပူးပေါင်းဆောင်ရွက်မှ အောင်မြင်မှုရရှိတဲ့လုပ်ငန်းဖြစ်ပါတယ်” ဟု ရေဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူဦးက ပြောသည်။

ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်း၍ တိုင်းဒေသကြီး၏ GDP ကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားကျင်းပ





ရန်ကုန် စက်တင်ဘာ ၂၅

၂၀၂၅ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနား (World Maritime Day 2025)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ၂၀၂၅ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **“တို့သမုဒ္ဒရာ၊ တို့တာဝန်၊ တို့အခွင့်အလမ်း”** ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် IMO မှ ထုတ်ပြန်ထားသော ကွန်ဗင်းရှင်းများကို ပါဝင်လက်မှတ်ရေးထိုးထားပြီး ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေး(MARPOL) ကွန်ဗင်းရှင်း၊ သင်္ဘောဟန်ချက်ထိန်းရေစီမံခန့်ခွဲခြင်းဆိုင်ရာ(BWM)ကွန်ဗင်းရှင်းနှင့် သင်္ဘောသုတ်ဆေးစနစ်များဆိုင်ရာ (AFS) ကွန်ဗင်းရှင်းတို့နှင့်အညီ ကမ်းရိုးတန်းနှင့် နိုင်ငံခြားသွားရေယာဉ်များအနေဖြင့် လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ ရေနံယိုဖိတ်မှုနှင့် အန္တရာယ်ရှိသော ဓာတုပစ္စည်းများမတော်တဆမှုဖြစ်စဉ်များ ဖြစ်ပွားရာတွင် ကမ်းရိုးတန်းဂေဟစနစ်အား အကာအကွယ်ပေးရန် အမျိုးသားအဆင့် ရေထုညစ်ညမ်းမှုတုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ကို ၂၀၂၅ ခုနှစ်တွင် အပြီးသတ်ရေးဆွဲပြီးဖြစ်ကြောင်း၊ ရေထုညစ်ညမ်းမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

နည်းပညာတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မြန်မာသင်္ဘောသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အစိမ်းရောင်သင်္ဘောနည်းပညာဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်းနှင့် နည်းပညာမြင့်ပညာရေးအစီအစဉ်များ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရေကြောင်းကဏ္ဍရှိ ခေါင်းဆောင်များ၊ ကျွမ်းကျင်သူများနှင့်ပါဝင်ပတ်သက်နေသူများအားလုံး သမုဒ္ဒရာအန္တရာယ်ကင်းရှင်းရေးကိုဆက်လက်ထိန်းသိမ်းရန်နှင့်ရေကြောင်းကဏ္ဍအန္တရာယ်ကင်းရှင်းရေး၊ ရေရှည်တည်တံ့ရေးနှင့် တီထွင်ဆန်းသစ်ရေးတို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၅ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အတွက် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့၏ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့လာသော Video Clip ကို ပြသပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ၂၀၂၅ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အထိမ်းအမှတ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ်အတွင်း မြန်မာသင်္ဘောသားများကို အလုပ်အကိုင်အခွင့်အလမ်း အများဆုံးရှာဖွေပေးနိုင်သည့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း(SRPS) ကုမ္ပဏီသုံးခုကို ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး World Maritime Day 2025 Theme "Our Ocean, Our Obligation, Our Opportunity" နှင့် ရေကြောင်းဘက်ဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းများကို တင်ပြကာ Uniteam Training သင်တန်းကျောင်းမှ သင်တန်းသားများက ၂၀၂၅ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်တေးသရုပ်ဖော်ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ညပိုင်းတွင် ရန်ကုန်မြို့ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားများနှင့် ဆိုက်ကပ်ထားသောသင်္ဘောများတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြာရောင်မီးများထွန်းညှိခဲ့ကြကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ "World Rabies Day" အကြို အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

(၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ "World Rabies Day"အကြိုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။




ဦးစွာ ဒုတိယဝန်ကြီးက ၂၀၂၅ ခုနှစ် World Rabies Day ကို **"ACT NOW: YOU, ME COMMUNITY" “ခွေးရူးရောဂါကင်းစင်ရေး၊ မနေးအမြန်လက်တွဲပေး”**ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ လှုပ်ရှားမှုများအဖြစ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ခွေးများကို ကာကွယ်ဆေးထိုးနှံခြင်းတို့ဖြင့် ခွေးရူးရောဂါဖယ်ရှားသွားနိုင်ရန်ဆောင်ရွက်ရာတွင် တစ်ခုတည်းသော ကျန်းမာရေးအသိအမြင်ဖြင့် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ၁၅ မိနစ်လျှင် လူတစ်ဦးနှုန်းက ခွေးရူးရောဂါဖြစ်ပွား၍ အသက်ဆုံးရှုံးလျက်ရှိပြီး တစ်နှစ်လျှင် လူဦးရေ ၅၅၀၀၀ မှ ၇၀၀၀၀ ခန့် ခွေးရူးရောဂါဖြင့် သေဆုံးလျက်ရှိရာမှ ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကူးစက်ခံရမှုကြောင့် လူသေဆုံးမှု “သုည”အထိ လျှော့ချနိုင်ရေး Zero Rabies Human Death by 2030 အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးပမ်းလျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ခွေးရူးရောဂါကူးစက်ဖြစ်ပွားမှု လျော့နည်းလာပြီး ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါ ပပျောက်ကွယ်သွားအောင် ဆောင်ရွက်သွားရန်လိုအပ်သည့်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များက ခွေးရူးရောဂါကင်းစင်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောကြပြီး ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများကိုကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ဟုမ္မလင်း | ၃၆°C |
| မြစ်ကြီးနား | ၃၆°C |
| ခန္တီး | ၃၅.၇°C |
| မိုးညှင်း | ၃၅.၅°C |
| ကျောက်ဆည်(လွန်ကျော်) | ၃၅°C |
| ရွှေဘို | ၃၅°C |
| လားရှိုး | ၃၄.၉°C |
| ကသာ | ၃၄.၆°C |
| စစ်ကိုင်း | ၃၄.၄°C |
| ကန့်ဘလူ | ၃၄.၃°C |


| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ရေး | (၈.၂၇)လက်မ |
| ဘားအံ | (၇.၅၂)လက်မ |
| ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ) | (၆.၈၁)လက်မ |
| ကမမောင်း | (၆.၅၀)လက်မ |
| သထုံ | (၅.၈၃)လက်မ |
| ပိုင်ကျုံ | (၅.၅၀)လက်မ |
| ကျိုက္ကမီ | (၅.၀၄)လက်မ |
| ပန်းတနော် | (၄.၄၅)လက်မ |
| တောင်တွင်းကြီး | (၄.၂၁)လက်မ |
| ပေါင် | (၄.၀၂)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၀ |
| ရှမ်း(မြောက်) | ၂၀ | ၃၂ |
| ရှမ်း(အရှေ့) | ၂၃ | ၃၀ |
| ရှမ်း(တောင်) | ၂၀ | ၂၇ |
| ချင်း | ၁၅ | ၂၂ |
| စစ်ကိုင်း(အထက်) | ၂၀ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၁ |
| နေပြည်တော် | ၂၄ | ၃၁ |
| မန္တလေး | ၂၄ | ၃၂ |
| မကွေး | ၂၄ | ၃၃ |
| ရခိုင် | ၂၀ | ၃၁ |
| ပဲခူး | ၂၃ | ၂၉ |
| ရန်ကုန် | ၂၄ | ၃၁ |
| ဧရာဝတီ | ၂၃ | ၃၁ |
| ကယား | ၂၀ | ၂၉ |
| ကရင် | ၂၂ | ၂၉ |
| မွန် | ၂၄ | ၂၉ |
| တနင်္သာရီ | ၂၃ | ၂၈ |

**အာဟာရမပြည့်သူများသည် ကိုယ်ခံအားမကောင်းသဖြင့် ရောဂါပိုးမွှားကပ်ငြိလွယ်သည်ကို သတိပြုပါ။**


PYIN OO LWIN
Nan Myaing
2+1 coffee
PURE ARABICA COFFEE
Black Coffee
PYIN OO LWIN
NAN MYAING
2 in 1
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
Myanmar MOBILE MONEY
Buy
BILL
PAY
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို "ကြာ"
ဆပ်ပြာမှာ "ပဒုမ္မာ"
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆၆

# ကယားတိုင်းရင်းသားတို့၏ ရိုးရာစုပေါင်းအဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော်အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

လွိုင်ကော် စက်တင်ဘာ ၂၅

ကယားတိုင်းရင်းသားတို့၏ရိုးရာပွဲတော်များအနက် အဲဒိုပေါ်မီ(ခေါ်) ဒီးကူပွဲတော်သည် ထင်ရှားသည့်ပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ်တော်သလင်းလနှင့် သီတင်းကျွတ်လများတွင် ပွဲတော်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ၂၀၂၅ ခုနှစ်အတွက် ရိုးရာအဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမနှင့် ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

ဦးစွာ ရိုးရာစုပေါင်း အဲဒိုပေါ်မီ(ခေါ်) ဒီးကူပွဲတော်မုခ်ဦးကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ နယ်မြေခံတပ်မှ တာဝန်ရှိသူနှင့်ကယားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမီရယ်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကယားတိုင်းရင်းသူလေးများက "အဲဒိုပေါ်မီပွဲတော်ဆီသို့" အကဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကယားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမီရယ်မြင့်က ကယားတိုင်းရင်းသားတို့၏ ရိုးရာစုပေါင်းအဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သတ္တပလူကျေးရွာ ရိုးရာယဉ်ကျေးမှုအကအဖွဲ့က "ရိုးရာခေါ်မည် အဲဒိုပေါ်မီ" သီချင်းဖြင့် သရုပ်ဖော်ကပြဖျော်ဖြေမှု၊ ကယန်းယဉ်ကျေးမှုအဖွဲ့က "တောင်ပေါ်မြေက တို့ကယန်းအက" သီချင်းဖြင့် ကပြဖျော်ဖြေမှု၊ မထောခူကျေးရွာယဉ်ကျေးမှုအဖွဲ့က ရိုးရာတူရိယာတီးခတ်၍ ကပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကယားတိုင်းရင်းသားတို့၏ ရိုးရာစုပေါင်း အဲဒိုပေါ်မီ (ခေါ်)ဒီးကူပွဲတော် အခမ်းအနားအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ကယားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမီရယ်မြင့်ကလည်းကောင်း၊ သတ္တပလူရိုးရာအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ အကအဖွဲ့ကိုယ်စားလှယ်များကလည်းကောင်း လက်ခံရယူကြသည်။



ထို့နောက် နယ်မြေခံတပ်မှ တာဝန်ရှိသူနှင့်တိုင်းရင်းသားရေးရာဝန်ကြီးတို့က ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တူရိယာအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာများမှ တိုင်းရင်းသားပြည်သူများနှင့်အတူ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကယားတိုင်းရင်းသားတို့၏ ဒီးကူကောက်ညှင်းထုပ်၊ ခေါင်ရည်၊ ကယားဝက်အူချောင်း၊ ကယားရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံသော ရိုးရာစုပေါင်း အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော် မိတ်ဆုံစားပွဲသို့တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပွဲတော်သို့ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားသည်။

မိတ်ဆုံစားပွဲတွင် ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၊ ရှမ်းတိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့၊ ပအိုဝ်းတိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့၊ ကရင်တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပွဲတော်အခမ်းအနားသို့ တက်ရောက်လာကြသူများက အဲဒိုပေါ်မီ(ခေါ်) ဒီးကူအကဖြင့် ပျော်ရွှင်စွာ စုပေါင်းပါဝင်ဆင်နွှဲကြသည်။

ယနေ့ကျင်းပသည့် အဲဒိုပေါ်မီ(ခေါ်) ဒီးကူပွဲတော်တွင် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာများမှ တိုင်းရင်းသားပြည်သူတစ်ထောင်ကျော်တို့ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ခင်စောတင့်

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသီတင်းကျွတ်MSMEဈေးရောင်းပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်ကို မနှစ်ကနည်းတူ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်တွင်းထုတ်ကုန်များကို အားပေးမြှင့်တင်ခြင်းနှင့် ဈေးကွက်များ ချိတ်ဆက်ပေးခြင်း စသည့်အချက်များကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် MSME ထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိရေးနှင့် MSME လုပ်ငန်းများ ခေတ်နှင့်အညီ Digital စနစ်တွင် လိုက်ပါဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ပြောကြားသည်။

သီတင်းကျွတ် MSME ဈေးရောင်းပွဲတော်ကို ဂီတဖျော်ဖြေပွဲဖြင့်တွဲဖက်၍ အောက်တိုဘာလ ၄ ရက်မှ ၇ ရက်အထိ ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ




**အမည်ပြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ဘောနတ်ကြီးနေ အဘ ဦးဇော်မိုး၏သမီး မစုစပယ်မိုးအား မစုစံပယ်မိုး ၇/ပခန(နိုင်)၃၆၀၃၃၄ ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မစုစံပယ်မိုး

**ပျောက်ဆုံးကြောင်း**
အောင်စိုးနိုင်(ဘ)ဦးကျော်မြ ၉/ပဘန(နိုင်)၂၃၁၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကဝမြို့နယ်၊ ကံဘဲ့ကျေးရွာနေ ဦးဝင်းရွှေ(ဘ)ဦးလှဟန် ၇/ကဝန(နိုင်)၀၅၃၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**
အောင်မျိုးဦး(ဘ)ဦးအောင်လွင် ၉/ပဘန(နိုင်)၂၀၅၂၁၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကောင်းမြတ်ထွဋ်(ဘ)ဦးဇော်မြင့် ၁၂/ကမန(နိုင်)၁၅၁၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 843073)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
တောင်ငူမြို့၊ ဇောင်ချမ်းတောင်ရပ်ကွက်နေ ကိုကိုလွင်(ဘ)ဦးမြသောင်း ၇/တငန(နိုင်)၀၉၇၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၃၀၃၉၅၃၆

**ပျောက်ဆုံးကြောင်း**
ခင်သန်းဆွေ(ဘ)ဦးသန်းစိန် ၈/ပခက(နိုင်)၂၄၄၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၈၁၇၆၅၁၈

**ပျောက်ဆုံးကြောင်း**
ဒေါ်မေသီ(ဘ)ဦးကျင်ရွှေ ၅/ကလတ(နိုင်)၀၀၈၅၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၃၅၂၈၅

**ပျောက်ဆုံးကြောင်း**
နေဖြိုးလျှံလင်း(ဘ)စောဂျေဝင်း ၁၂/ကမန(နိုင်)၁၄၇၉၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 415990)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ဆွေဇင်ဦး(ဘ)ဦးဘိုစိန်း ၁၂/ဥကမ(နိုင်)၂၇၈၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 624779)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၁၄၁၉၆၈၃

**အစုရှယ်ယာမတည် ရင်းနှီးမြှုပ်နှံငွေလျှော့ချခြင်း**
AUNG SAN THAR COMPANY LIMITED ၏ ကုမ္ပဏီဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ Share Amount သိန်း(500)မှ သိန်း(30)သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
U THIT LWIN NYEIN (MD)
AUNG SAN THAR COMPANY LIMITED

**ပျောက်ဆုံးကြောင်း**
ကာလဲပ်ခေါလျန်ခဲန်(ဘ)ဦးကြောင်းကာရ် ၄/ဖလန(နိုင်)၀၅၂၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၈၇၄၆၀၀

**ပျောက်ဆုံးကြောင်း**
ဇော်ဇော်အောင်(ဘ)ဦးအောင်ဆန်း ၇/ထတပ(နိုင်)၀၆၆၅၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မထက်ထက်(ဘ)ဦးမင်းနိုင် ၇/ပခန(နိုင်)၄၁၀၈၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အိဖြိုးဇင်(ဘ)ဦးသိန်းဝင်း ၆/ပလန (နိုင်)၀၇၅၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ယမင်းသူ(ဘ)ဦးကျော်သန်း ၁၁/စတန(နိုင်)၀၈၁၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၀၉၄၆၀၂၅

**ပျောက်ဆုံးကြောင်း**
နှင်းဝတ်ရည်(ဘ)ဦးကွယ်ယုံ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 334842)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၆၀၇၁၃၉

**ပျောက်ဆုံးကြောင်း**
နှင်းလှဲ့ဝတီ(ဘ)ဦးစိုးအောင် ၁၄/ပသန(နိုင်)၃၄၄၃၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က (ချောင်းဆုံ)၊ Grade-10(A) မှ (ကျောင်းဝင်အမှတ်၊ က-၀၉၆၈)မရွှေသဇင်ပွင့်၏ဖခင်အမည်မှန်မှာ ၁၀/ခဆန(နိုင်)၀၁၆၂၂၀ ကိုင်ဆောင်သူ ဦးညွန့်ဆန်း ဖြစ်ပါကြောင်း။
ဦးညွန့်ဆန်း

**ပျောက်ဆုံးကြောင်း**
မြညွန့်(ဘ)ဦးလှသွင် ၆/ဘပန(နိုင်)၀၁၈၈၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 965311)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**အမည်ပြောင်း**
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က (ချောင်းဆုံ)၊ Grade-11(C) မှ ကျောင်းဝင်အမှတ်(၁၀၀၉) မောင်ဉာဏ်ပြည့်ဝင်းအား မင်းဉာဏ်ပြည့်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မင်းဉာဏ်ပြည့်ဝင်း

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ (၁/၂၀၂၅) ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၅

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၅) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ကော်မတီဝင်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသည့် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ့စီးပွားဖွံ့ဖြိုးလာမည်ဖြစ်၍ နိုင်ငံတော်အစိုးရအနေနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအားမြင့်မားရေးနှင့်အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကော်မတီအစည်းအဝေး(၁/၂၀၂၄)ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ကော်မတီဝင်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဆောင်ရွက်ရန်လျာထားမှုနှင့် လုပ်ငန်းကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများ၊ သွင်းအားစုနှင့် အရင်းမပျောက်ရန်ပုံငွေ ထူထောင်ပေးခြင်းဆိုင်ရာ လုပ်ငန်းများ၊ လူမှုရေးကဏ္ဍဆိုင်ရာလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြဝတီ

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၇ ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် နီပေါနိုင်ငံသား ခုနစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦး၊ တရုတ်နိုင်ငံသား လေးဦးနှင့် ရုရှားနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၇ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။




မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ စက်တင်ဘာလ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာ နိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြစ်အတွင်း ငွေကျပ် ၂၉ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၉၇ ကီလို ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြစ်အတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၁၆ ရက်တွင် လှည့်ကင်းဆောင်ရွက်စဉ် အိုက်စ် (မက်သ်အဖက်တမင်း) ၉၉၇ ကီလို (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၉၁ ဘီလီယံခန့်) သယ်ဆောင်လာသည့် သမ္ဗန်စက်လှေတစ်စင်းအား ဖမ်းဆီးရမိခဲ့ပြီး စက်လှေဖြင့် သယ်ဆောင်သူများအပါအဝင် အဆိုပါ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်သူ ၆ ဦးကိုပါ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။



တရားခံ ဇော်မင်းနိုင်(ခ)ဇော်မင်းလတ်၊ ကျော်သိန်းဦး(ခ)ကျော်ကြီး၊ ကျော်စိုးမင်း၊ သက်ပိုင်ထူး(ခ) သက်ပိုင်၊ ခင်မောင်လင်းနှင့် မျိုးနိုင်(ခ)အကြီးကောင်တို့အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။



အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ရောင်းရာတွင်အသုံးပြုသည့် စက်လှေများကို တွေ့ရစဉ်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် စက်တင်ဘာလ ၁၆ ရက် နံနက် ၁ နာရီ ၃၀ မိနစ်တွင် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြစ်၊ မြစ်သုံးဆိုင်ရေပြင်အနီးသို့အရောက်၌ ခင်မောင်လင်းနှင့် သက်ပိုင်ထူး(ခ) သက်ပိုင်တို့ မောင်းနှင်လာသည့် သမ္ဗန်စက်လှေအား စစ်ဆေးရာ အိုက်စ်(မက်သ်အဖက်တမင်း) ၉၉၇ ကီလို (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၉၁ ဘီလီယံ)နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား တင်ဆောင်ပေးသူ ကျော်စိုးမင်းအား စက်တင်ဘာလ ၁၆ ရက်နေ့ နံနက် ၁၁ နာရီ ၃၀ မိနစ်ခန့်တွင် ဒလမြို့နယ်၊ သမ္ဗတကမ်းခြေရပ်ကွက်၌လည်းကောင်း၊ သယ်ဆောင်ခိုင်းသူကျော်သိန်းဦး(ခ)ကျော်ကြီးအား မွန်းလွဲ ၁ နာရီခန့်တွင် ပုဇွန်တောင်မြို့နယ်နှင့် ဇော်မင်းနိုင်(ခ) ဇော်မင်းလတ်အား ရန်ကင်းမြို့နယ်တို့၌လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်မြစ်၊ မြက်စိမ်းကျွန်းသို့ သဲစုပ်စက်လှေဖြင့် ပို့ဆောင်ပေးခဲ့သူ မျိုးနိုင်(ခ)အကြီးကောင်အား စက်တင်ဘာလ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်ခန့်တွင် ဒဂုံဆိပ်ကမ်းမြို့နယ်၌ စက်လှေ ၁ စင်းနှင့်အတူလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများအား ရန်ကုန်မြို့၊ မြက်စိမ်းကျွန်းမှတစ်ဆင့် ပင်လယ်ဝသို့ စက်လှေဖြင့် ဆက်လက်ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရှိရပြီး ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကာ ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးသန်းထူး(ငြိမ်း)
## အသက်(၆၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ပင်စင်လမ်းနေ (ဦးအောင်ကြည်)-(ဒေါ်သန်းအိ) တို့၏သား၊ ဦးစိန်ဂျော့-ဒေါ်ကြည်ကြည်ဦးတို့၏ ညီ/မောင် ဒေါ်ဝင်းစိုးမြင့်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးသန်းထူး(ငြိမ်း)သည် ၂၃-၉-၂၀၂၅ ရက်(အင်္ဂါနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အ.ထ.က(၉) Grade-10 မှ ပညာသင်ကြားနေသော မောင်မျိုးလင်းကျော် ကျောင်းဝင်အမှတ်-၁၃၈၆ ၏ဖခင်အမည်မှန်မှာ (ဦးကျော်မြတ်မင်း) ၁၀/ကမရ(နိုင်)၀၅၉၈၈၂ ဖြစ်ပါကြောင်း။ **(ဦးကျော်မြတ်မင်း)**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၊ အ.ထ.က ရွှေကြက်ယက် Grade-12(B) မှ စောသက်မင်းဦး၏ဖခင်အမည်မှန်မှာ ဦးစောလှသောင်း ၇/ရတရ(နိုင်)၁၀၄၃၄၃ ဖြစ်ပါကြောင်း။ **ဦးစောလှသောင်း**

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သာခုချောင်းကျေးရွာအုပ်စု အ.ထ.က(ကုံညှင်းတန်း)Grade-12 မှ မဖူးမြတ်သွယ်၏ဖခင်အမည်မှန်မှာ ဦးဇော်မိုးဦး ၁၄/ဇလန(နိုင်)၁၁၅၃၅၈ ဖြစ်ပါကြောင်း။ **ဦးဇော်မိုးဦး**

### ပျောက်ဆုံးကြောင်း

စိုင်းစံ(ဘ)ဦးကန်န ၁၃/မပတ(နိုင်)၀၂၇၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၇၂၁၆၀၁

### ပျောက်ဆုံးကြောင်း

လီရှင်ဟွ(ဘ)ဦးလီကြားဆိုင် ၁၃/ကခန(နိုင်)၁၁၀၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၀၂၃၀၀၉၅

### ပျောက်ဆုံးကြောင်း

နေမျိုးဦး(ဘ)ဦးအောင်စိုး ၁၂/ဥကတ(နိုင်)၁၃၉၉၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၇၈၇၁၈၈

### ပျောက်ဆုံးကြောင်း

မောင်မောင်မြင့်(ဘ)ဦးသန်းရွှေ ၁၂/ကတန(နိုင်)၁၂၃၂၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၃၇၇၁၉၂၈

### ပျောက်ဆုံးကြောင်း

နွဲ့နွဲ့ဝင်း(ဘ)ဦးဖျော့ကြီး ၉/ပဘန(နိုင်)၂၁၃၀၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၂၄၆၁၉၃၃

### ပျောက်ဆုံးကြောင်း

ထွန်းစိန်(ဘ)ဦးသိန်းဟန် ၁၂/မဂဒ(နိုင်)၁၁၆၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၇၁၂၁၃

### ပျောက်ဆုံးကြောင်း

အောင်အောင်ငယ်(ဘ)ဦးမြအေး ၁၂/မရက(နိုင်)၁၂၁၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၁၇၇၆၆၄၉

### ပျောက်ဆုံးကြောင်း

ယွန်းသီရိစံ(ဘ)ဦးကျော်မင်းနိုင် ၁၂/လယန(နိုင်)၀၂၅၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၃၀၄၅၂၈၃

### ပျောက်ဆုံးကြောင်း

စည်သူလွင်(ဘ)ဦးကျင်လွင် ၁၂/ကတန(နိုင်)၀၈၃၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၉၅၅၂၃

### ပျောက်ဆုံးကြောင်း

သိန်းဇော်လေး(ဘ)ဦးစံဦး ၆/ရဖန(နိုင်)၀၁၆၃၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၉၃၂၅၇

### ပျောက်ဆုံးကြောင်း

နီလာဝင်း(ဘ)ဦးမျိုးကြည် ၁၂/သကတ(နိုင်)၁၈၇၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၅၃၇၈၆၆၉

### ပျောက်ဆုံးကြောင်း

ဇာခြည်အောင်(ဘ)ဦးတင်မောင်ဝင်း ၇/ပခန(နိုင်)၅၀၆၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

အောင်ပြည့်ဖြိုး(ဘ)ဦးအောင်မြင့်စိန် ၇/ပခန(နိုင်)၄၇၉၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

စုမြတ်ဝေ(ဘ)ဦးကျော်မင်းဦး ၁၂/ဒလန(နိုင်)၀၇၄၉၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 712424)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မျိုးမျိုးအေး(ဘ)ဦးဟန်ငွေ ၅/အရတ(နိုင်)၁၆၂၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

တင်တင်ဝင်း(ဘ)ဦးစံကြည် ၁၂/ထတပ(နိုင်)၀၉၇၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 313077)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

အေးမင်းထွန်း(ဘ)ဦးနိုင်ငွေ ၉/ပဘန(နိုင်)၂၇၇၈၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## "One Stone Company Limited."
## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
## ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ "One Stone Company Limted." ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၅-၈-၂၀၂၅)ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com, C.P.A)၊ အမှတ်(၁၇၈)၊ မြေညီထပ်၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁-၁၀-၂၀၂၅)ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ခွန်အောင်ခမ်း** | **ဦးစိန်ကျော်ဝင်း** |
| **မန်နေးဂျင်းဒါရိုက်တာ** | **(B.Com,C.P.A)** |
| **One Stone Company Limited.** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| **၏ဒါရိုက်တာအဖွဲ့ကိုယ်စား** | **ဖုန်း-၀၉-၅၁၂၅၉၈၅** |

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၂၇၁/မမ/CME | (၁) RDO-40(200 Liters/Drum) -325 Drums<br>(၂) Engine Oil SAE 15 W 40(CI-4)(200 Liters/Drum)-50 Drums<br>(၃) Engine Oil SAE 5 W 30 (200 Liters/Drum)-1000 Drums ဝယ်ယူရန် |
| ၂ | ၂၇၂/မမ/CE | (၁) 50 N Fish Plate (412) Pairs<br>(၂) 50 N Bolt & Nut with Washer (1162) Nos ဝယ်ယူရန် |
| ၃ | ၂၇၃/မမ/CE | **တိုင်းအမှတ်(၃)မန္တလေး**<br>တိုင်းအမှတ်(၃) မန္တလေးနယ်မြေ၊ စမုံ-သပြေတောင်းကြား၊ တံတားအမှတ်(၆၉၁)တံတားအသစ်တည်ဆောက်ခြင်း (3x30M+1x21 M)Span (နှစ်ဆက်လုပ်ငန်း)ဆောင်ရွက်ခြင်းအတွက် QA/QC ဆောင်ရွက်ခြင်းလုပ်ငန်း |
| ၄ | ၂၇၄/မမ/CE | မြို့ဟောင်း DEMU Depot & Workshop တည်ဆောက်ပြုပြင်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း (နှစ်ဆက်လုပ်ငန်း)ဆောင်ရွက်ခြင်းအတွက် QA/QC ဆောင်ရွက်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၀-၁၀-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၆-၉-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း
## တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော **ဒုတိယဦးစီးမှူး ၄၂ နေရာ**(လစာနှုန်း၊ ကျပ်၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)များအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဂ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
- (ဃ) ၃၀-၉-၂၀၂၅ ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (င) ဝန်ထမ်းဖြစ်ပါက ၃၀-၉-၂၀၂၅ ရက်တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဆ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဇ) အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များပါဝင်ရမည်-
- (က) တစ်လအတွင်းရိုက်ကူးထားသော ၁ လက်မပတ်လည်ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါပြသနိုင်ရမည်။)
- (ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ

၄။ လျှောက်လွှာပုံစံများကို ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီး နီးစပ်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်းရယူနိုင်ပါသည်။ လျှောက်လွှာများကို ၂၆-၉-၂၀၂၅ ရက်နေ့(သောကြာနေ့)မှစတင်ထုတ်ပေးသွားမည်ဖြစ်ပြီး ၁၀-၁၀-၂၀၂၅ ရက်နေ့(သောကြာနေ့)နောက်ဆုံးထား၍ လျှောက်လွှာရယူခဲ့သည့် ကော်မရှင်အဖွဲ့ခွဲရုံးများသို့လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထားမပြည့်စုံသူများကို ထည့်သွင်းလက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ခွင့်ပြုထောက်ခံချက်ဖြင့် သက်ဆိုင်ရာဌာနမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

၆။ အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လုံးဝ(လုံးဝ)လျှောက်ထားခွင့်မရှိပါ။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်နှင့် စာမေးပွဲဖြေဆိုရမည့်ရက်တို့ကို လျှောက်လွှာရယူခဲ့သည့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ [ရုံးအမှတ်(၂၂)၊ နေပြည်တော်]၏ကြော်ငြာသင်ပုန်းနှင့် ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၈။ လျှောက်ထားသူများသည် မြန်မာစာ၊ ကွန်ပျူတာမေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ်မေးခွန်းတို့အား( မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ မုံရွာ၊ ထားဝယ်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ စစ်တွေ၊ ရန်ကုန်၊ တောင်ကြီး၊ ပုသိမ်၊ နေပြည်တော်) စာစစ်ဌာနများတွင် ၁၉-၁၀-၂၀၂၅ ရက်နေ့(တနင်္ဂနွေနေ့)၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲလာရောက်ဖြေဆိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်အား တစ်ပါတည်းယူဆောင်လာရမည်ဖြစ်သည်၊ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲ၊ စိတ်အခြေအနေစစ်ဆေးခြင်းနှင့် ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင်ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့်အချိန်တို့ကို UEC Website ဖြစ်သော www.uec.gov.mm တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ [ရုံးအမှတ်(၂၂)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၀၄၂၂၃၊ ၀၆၇-၃၄၀၄၂၀၈] တို့သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ဖောင်ချဉ်(တောင်)ကျေးရွာနေ ထွန်းလင်း(ဘ)ဦးဖိုးကောင်း ၉/နထက(နိုင်)၁၉၂၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၉၂၀၇၂၁

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်

(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်

(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်

(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်

(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်

(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်

(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်

(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်

(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်

(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်

(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်

(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံအေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီးပါသည် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်ကျရောက်သော "(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ"မှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင်ကျင်းပပြုလုပ်သည့် "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်- ၂၀၂၅ (World Atomic Week Forum 2025)" ၏ မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week Forum 2025)" တွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၅**

"ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅(World Atomic Week Forum 2025)" ကို ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ရှိ Atom Museum ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် "နည်းပညာသစ်မွေးဖွားခြင်းမှ ကမ္ဘာ့သစ်အမြင်ဆီသို့ (From a New Technological Rollout to a New Worldview)" ခေါင်းစဉ်ဖြင့်ပြုလုပ်သည့် မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ဆွေးနွေးသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံသို့ တရားဝင်အလုပ်သဘောခရီးသွားရောက်မည်

စာ - ၆ သို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင်ကျင်းပပြုလုပ်သည့် သိပ္ပံပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

စာ - ၅ သို့